ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက

အဘိဓဇမဟာရဋ္ဌဂုရု

စံကင်းဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

ဒသမအကြိမ်

( ဂိုဏ်းလုံးဆိုင်ရာအစည်းအဝေး၌ မိန့်တော်မူချက်၊ )

၁၃၂၅-ခု၊ နတ္တော်လဆန်း-၃ ရက်။ (၁၉၆၃)

၂၂၀၈၉

ရွှေကျင်နိကာယ မဟာနာယကာဓိပတိ

အဘိဓဇမဟာရဋ္ဌဂုရု

စံကင်းဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

မန္တလေးမြို့, မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဝယ်
ဂိုဏ်းလုံးဆိုင်ရာ ဒသမအကြိမ်
သံဃာ့အစည်းအဝေး၌ မိန့်တော်မူအပ်ပါသည်။


သာသနာတော်နှစ် ၂၅၀၇

ကောဇာသက္ကရာဇ် ၁၃၂၅

---

နယူးဘားမား ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။



စံကင်းဆရာတော်ဘုရားကြီး
သက်တော် ၉၃ နှစ်

**သဒ္ဓါပဗ္ဗဇိတော သဒ္ဓံ, သဒ္ဓါ သဗ္ဗံ နုယုဉ္စကော၊**
**ပညာပဗ္ဗဇိတော ပညံ, အနုယုဉ္စန္တိ သာသနေ။**

**သဒ္ဓါပဗ္ဗဇိတ။** ။ သာသနာတော်ကို ကြည်ညို၍ သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့သော သဒ္ဓါပဗ္ဗဇိတပုဂ္ဂိုလ်သည် ဘုရား တရား သံဃာ့ကိစ္စကိုရင်း,ကျောင်းတိုက်ဝယ် ပြုရမည့် ဝတ်ကြီး ဝတ်ငယ် ကိစ္စကိုရင်း သဒ္ဓါဆိုင်ရာ ၎င်းကိစ္စအားလုံးကို အမြဲကြိုးစား အားထုတ်လေ့ရှိ၏။

**ပညာပဗ္ဗဇိတ။** ။ တရားတော်ပညာကို သိလို၍ ရဟန်းပြုခဲ့သော ပညာပဗ္ဗဇိတ ပုဂ္ဂိုလ်သည် စာပေသင်ကြားမှု ပို့ချမှု ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှု ဟူသော ပညာရေးဆိုင်ရာ ကိစ္စစုကို အမြဲကြိုးစား အားထုတ်လေ့ရှိ၏။

**ဘယာပဗ္ဗဇိတ။** ။ရာဇဝတ်ဘေးကြောင့်ဖြစ်စေ အသက်မွေးကြပ်မည့်ဘေးကြောင့် ဖြစ်စေ ရဟန်းပြုခဲ့သော ဘယာပဗ္ဗဇိတ ပုဂ္ဂိုလ်သည် ဘေးလွတ်ဘို့ အရေး အသက်မွေးချောင်မည့် အရေးကိုသာ ကြိုးစားအားထုတ်၏။

**မိရိုးဘလာ ပဗ္ဗဇိတ။** ။ပြခဲ့သော ၃ မျိုးတွင် တိုက်ရိုက်မပါဝင်ဘဲ ဘာသာထုံးစံအတိုင်း သာမဏေပြုရာမှ ရဟန်းဖြစ်ခဲ့သော ပုဂ္ဂိုလ်ကား ဆရာကောင်းအထံ နည်းခံမိလျှင် သဒ္ဓါပဗ္ဗဇိတ ပညာပဗ္ဗဇိတ အမျိုးအစားတွင် ပါဝင်နိုင်၏၊ထိုသို့ မဟုတ်လျှင် ရိုးတီးရားတားနှင့် လာဘ်လာဘလိုလားသော အမျိုးအစားတွင် ပါဝင်သွားတတ်ပါသည်။

**ပဋိသန္ဓေနေခြင်းမျိုး။** ။လူဝတ်ကြောင်ဘဝမှ ရဟန်းသာမဏေဘဝသို့ ကူးပြောင်းခြင်းသည် ပဋိသန္ဓေအသစ် နေရခြင်းနှင့် တူ၏၊ ပဋိသန္ဓေနေသူသည် ဖွားမြင်သောအခါ မိမိဖြစ်ရာ မိဘမျိုးရိုးထုံးစံအတိုင်းသာ သွားလာနေထိုင် သကဲ့သို့, ထို့အတူ ရဟန်းသာမဏေများလည်း မိမိကို ရှင်ရဟန်းပြုပေးသော ဆရာသမားတို့၏ ရိုးရာထုံးစံအတိုင်းသာ စားဝတ်နေထိုင်မှုကို ပြုလေ့ရှိကြပါသည်။

**အဋ္ဌကထာ။** ။ပဗ္ဗဇ္ဇာ ဟိ နာမေသာ ပဋိသန္ဓိဂ္ဂဟဏသဒိသာ၊ ယထာ မနုဿာ ယတ္ထ ပဋိသန္ဓိံ ဂဏှန္တိ၊ တေသံယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခူပိ (သာမဏေရာပိ) ယေသံ သန္တိကေ ပဗ္ဗဇန္တိ၊ တေသံ ယေဝ အာစာရံ ဂဏှန္တိ၊- [သဋ္ဌာယတနသံယုတ်, အာသီဝိသဝဂ္ဂ, စတုတ္ထသုတ်။]

**ရည်ရွယ်ချက်။** ။၎င်းအဋ္ဌကထာကို ထောက်ထား၍ နောက်နေ့ံ အမျိုးသားတို့သည် သဒ္ဓါပညာပဗ္ဗဇိတတို့တွင် ပါဝင်ကြသော သာသနာ့စန်ထမ်း ရဟန်းသာမဏေကောင်းများဖြစ်ကြပါစေရန် ရည်သန်လျက် အလိုအလျောက် သဒ္ဓါပေါက်သော ဒါယကာတယောက်နှင့် မိတ်ဆွေများ၏ မွမ္မဒါနအဖြစ်ဖြင့် ၎င်းသြဝါဒကထာကို ဝေငှကမ်းလှမ်း လှူဒါန်းပါသည်။

**ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်**

# ဩဝါဒကထာ ပဌမပိုင်း

အကြောင်းအရာ စာမျက်နှာ


ဆရာတော်ဘုရားကြီး ဝမ်းမြောက်တော်မူခြင်း .... .... ၁
ဘုရားသခင်နှင့် ကျေးဇူးရှင်များကို သတိရစေတော်မူလိုခြင်း .... ၁
ဘုရားပွင့်တော်မူခြင်းကြောင့် အသိဉာဏ်တိုးပုံနှင့် လောက ၃ ပါး .... ၂
သဗ္ဗညုတဉာဏ်တော်၏ အစွမ်း ၃ ပါး .... .... .... ၃
ပိဋက ၃ ပုံ, ဓမ္မနှင့် အဘိဓမ္မ .... .... .... ၃
သာသနာတော်၏အသက် ဝိနည်း .... .... .... ၄
လဇ္ဇီသာလျှင် သာသနာစောင့်နိုင် .... .... .... ၄
သာသနာတော်, သိက္ခာ ၃ ရပ် .... .... .... ၅
သာသနာ့ဝန်ထမ်း ရဟန်းတော်များ .... .... .... ၅
ဝိနည်း ဥပဒေတော် .... .... .... ၆
သုတ္တန် တရားတော် .... .... .... ၆
အာဟာရနှင့် ဘုရားအလိုတော် .... .... .... ၆
လာဘသက္ကာရ အပြစ် .... .... .... ၆
စာသင် စာချ ဩဝါဒ .... .... .... ၇
ဒုဿီလကို ရှုတ်ချတော်မူခြင်း .... .... .... ၇
အဂ္ဂိခန္ဓောပမ သုတ်တော် .... .... .... ၇
ပေါ့လျော့သော ရဟန်းဘဝ .... .... .... ၁၀
ထပ်၍ မြူမှုန်တင်သော ရဟန်းအဖြစ် .... .... .... ၁၁
သီလ၏ ခုဘာဝအကျိုး .... .... .... ၁၁
တာဝန် ဆောင်တော်မူစေလိုခြင်း .... .... ... ၁၁
သံဃာများကို စောင့်ရှောက်စေတော်မူလိုခြင်း .... .... ၁၂
နောက်ဆုံး တရားတော် .... .... .... ၁၃


# ဩဝါဒကထာ ဒုတိယပိုင်း


ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိသတ်ထိန်းတော်မူပုံ .... ၁၄
အာစရိယအမည်နှင့် လိုက်လျောတော်မူပုံ .... .... ၁၅
ဂုရုအမည်နှင့် လိုက်လျောတော်မူပုံ .... .... ၁၅
သီလကို အထူးစောင့်စည်းစေတော်မူလိုခြင်း .... .... ၁၆
မအပ်သောရှာမှုများကို မပြုစေလိုခြင်း .... .... ၁၆
ငွေအလှူ .... .... ၁၈
အတိုင်းအရှည်သိမှု ၃ မျိုး .... .... ၂၀
အကျိုးမများသော စကားရှောင်ပါ .... .... ၂၀
အရာရာ၌ သည်းခံစေတော်မူလိုခြင်း .... .... ၂၁

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နာယကဂုဏ် ပြည့်စုံစေလိုခြင်း | ၂၁ |
| မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး | ၂၃ |
| ဒိပဲရင်းဆရာတော်ဘုရားကြီး | ၂၄ |
| ဦးသီလဆရာတော်ဘုရားကြီး | ၂၄ |

## ဩဝါဒကထာ တတိယပိုင်း


| | |
|---|---|
| ဗုဒ္ဓမြတ်စွာပွင့်တော်မမူလျှင် | ၂၆ |
| ရှေးရှေးမထေရ်များ ဝန်ဆောင်တော်မူခြင်း | ၂၆ |
| ဆရာဒကာ ရင်းနှီးစွာ ဆောင်ခဲ့ပုံ | ၂၆ |
| တာဝန်ဆောင်ပုံ အကျဉ်း | ၂၇ |
| တိုင်းသူပြည်သား လေးစားပုံ | ၂၇ |
| တစတစ လျော့ခဲ့ရပုံ | ၂၇ |
| အကြောင်းအကျိုး စဉ်းစားရန် | ၂၈ |
| ထပ်မံ စဉ်းစားဘွယ် | ၂၈ |
| သာသနာ ဘယ်သူဖျက် | ၂၉ |
| အတွင်းကျသူဖျက် | ၂၉ |
| ဘာသာရေးကိစ္စဝယ် စဉ်းစားဘွယ် | ၂၉ |
| ဘုရားကိစ္စ | ၃၀ |
| သတ္တုအဂါရဝနှင့် သာသနာဖျက်ပုံ | ၃၁ |
| ဓမ္မအဂါရဝနှင့် စာမေးပွဲအကျိုး | ၃၂ |
| ဓမ္မအဂါရဝနှင့် သာသနာဖျက်ပုံ | ၃၃ |
| သံဃာ့ အဂါရဝ | ၃၃ |
| ခေါင်က မိုးလုံပါရဲ့လား | ၃၄ |
| သံဃာ့အဂါရဝ၏ သာသနာဖျက်ပုံ | ၃၄ |
| သိက္ခာ အဂါရဝ | ၃၄ |
| မှတ်ပုံတင်လက်မှတ် | ၃၅ |
| သမာဓိအဂါရဝ | ၃၅ |
| အရေအတွက်မှ အရည်အချင်းသို့ | ၃၅ |
| ကျောင်းတိုက် ၂ မျိုးသာ | ၃၆ |
| ကျေးရွာကျောင်းများ | ၃၆ |
| အခြေခံ ကျောင်းတိုက် | ၃၇ |
| ပတိပတ္တိဌာန, ပရိယတ္တိဌာန | ၃၇ |
| နိဂုံး | ၃၇ |

# ဩဝါဒကထာ ပဌမပိုင်း

**ဆရာတော်ဘုရားကြီး ဝမ်းမြောက်တော်မူခြင်း**

ရွှေကျင်ဂိုဏ်း၏ ဒသမအကြိမ် စည်းဝေးဘို့ရာ မန္တလေးမြို့ ဤမဟာဝိသုဒ္ဓါရုံ တိုက်သစ်ဝယ် အနယ်နယ် အမြို့မြို့မှ ကြွရောက်တော် မူလာကြသော သက်တော်ကြီး ဝါတော်ကြီး မဟာထေရ်များနှင့် ထေရမဇ္ဈိမ အရွယ်၌ တည်ရှိကြသော ရွှေကျင်ဂိုဏ်းဝင် အရှင်များတို့ .... တပည့်တော်မှာ အသက်အရွယ် ကိုးဆယ်မှ ၃ နှစ်စွန်းပြီဖြစ်၍ ဟိုဟိုသည်သည်သို့ လှည့်လည်သွားလာကာ ဂိုဏ်းဂဏတာဝန်ကို အားသွန်ကြိုးပမ်း မထမ်း မဆောင်နိုင်သောကြောင့် ဤနေရာမှပင် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များနှင့် တိုင်းသူပြည်သား ဒါယကာ ဒါယိကာမအများကို ရည်မှန်း၍ မေတ္တာအစွမ်းဖြင့်သာ တာဝန်ကို ထမ်းရပါသည်၊ ယနေ့မှာမူ မိမိမေတ္တာကို ခံယူတော်မူကြသော ဂိုဏ်းသံဃာဝင် မဟာထေရ် အရှင်များနှင့် ထေရမဇ္ဈိမ သာသနာ့ ဝန်ဆောင်များကို တွေ့မြင်ရသောကြောင့် သာသနာတော်ကြီးအတွက် ဂိုဏ်းဂဏအတွက် နှစ်သက် အားရ ပီတိသောမနဿ ဖြစ်ရပါသည်။

ထိုနည်းအတူပင် သာသနာတော်ကြီးအရေး ဂိုဏ်းဂဏအရေးကို မြော်တွေးထောက်ထား၍ ကြွရောက် လာကြသော ရွှေကျင်ဂိုဏ်းဝင် အရှင်များလည်း စာသင်သားဘဝဝယ် အတူတကွ နေထိုင်ခဲ့ကြရာမှ ကြာရှည်စွာကွဲကွာနေရသော သမဂ္ဂသီတင်းသုံးဘော်တို့ကို ယခုလို အစည်း အဝေး အချိန်ရောက်မှ မျက်မှောက်ထင်ထင် တွေ့မြင်ကြရခြင်း , သာသနာတော်ကြီး၏အရေး ဂိုဏ်းဂဏ အရေးကို ဆွေးနွေး တိုင်ပင်ကြရခြင်းတို့ အတွက် နှစ်သက်အားရ ပီတိသောမနဿ ဖြစ်ကြပါပေလိမ့်မည်။

**ဘုရားသခင်နှင့် ကျေးဇူးရှင်များကို သတိရစေလိုခြင်း**

ဤသို့ ပီတိသောမနဿစိတ်ဖြင့် သာသနာတော်ကြီးအရေး ဂိုဏ်းဂဏ အရေးကို ဆွေးနွေး တိုင်ပင်ကြရ တော့မည် ဖြစ်ရာ ယခုလို အချိန်အခါဝယ် သာသနာတော်ကြီး၏ သခင် ဘုရားရှင်ကိုယ်တော်မြတ်ကိုရင်း, ရွှေကျင်ဂိုဏ်းကို ပဌမ စတည်တော်မူသော ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီးကိုရင်း, ရွှေကျင်ဂိုဏ်းကို မပျက်မကွက် တိုးတက်အောင် ဆောင်တော်မူလာခဲ့ကြသော ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ဒိုဲရင်း ဆရာတော်ဘုရားကြီးစသော ဆရာတော် အရှင်မြတ်တို့ကိုရင်း, အောက်မြို့ ကျေးရွာ အဖြာဖြာတို့၌

ရွှေကျင်ဂိုဏ်း တောဂိုဏ်းသာသနာကို ကျယ်ပြန့်အောင် ဆောင်တော်မူသော ဆရာတော် ဦးသီလစသော ဆရာတော်ကြီးများကိုဝင်း တသ ရိုကြိုး ရှိခိုး ဦးနှိမ် သော အားဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့၏ အလိုတော်နှင့် သင့် လျော်အောင် စည်းဝေး ဆုံးဖြတ်ကြဘို့ရာ ဗုဒ္ဓမြတ်စွာ၏ ဩဝါဒ ဒေသနာတော်ကို ဦးထိပ်ထား၍ ဆရာတော်ဘုရားတို့၏ အဆက်ဆက် ဩဝါဒများကို အကျဉ်းမျှ နာယူကြစေလိုပါသည်။

**ဘုရား ပွင့်တော်မူခြင်းကြောင့် အသိဉာဏ်တိုးပုံ**

" ကေပုဂ္ဂလဿ ဘိက္ခဝေ ပါတုဘာဝါ မဟ တော စက္ခုဿ ပါတုဘာဝေါ ဟောတိ" အစ ရှိသော(ကေဂ်ုတ္တရ, ကေပုဂ္ဂလဝဂ်)ပါဠိတော် နှင့်အညီ ဘုရားရှင်တဆူ ပွင့်တော်မူလာသောအခါ ကမ္ဘာလောက၌ ကြီးကျယ် သော ဉာဏ်စက္ခုအလင်းရောင် ထွန်းပြောင် ပေါ်ပေါက်လာပေသည်၊ ထို့ကြောင့် ဘုရား အဆူဆူသည် သတ္တဝါတို့အား အသိဉာဏ် တည်းဟူသော မျက်လုံးကို ပေးတော်မူရာ ရောက်ပါပေသည်၊ မိမိတို့သည် ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူပါလျှင်....

**သတ္တလောက**

သတ္တလောကအတွက် "အမြဲ တွေ့မြင်ရသော လူသတ္တဝါ တိရစ္ဆာန်သတ္တဝါတို့သာ ကမ္ဘာလောက၌ ရှိနေကြ၏" ဟု မှတ်ယူကြရပေလိမ့်မည်၊ " ပကတိမျက်စိဖြင့် မမြင်နိုင်သော ငရဲသတ္တဝါ ပြိတ္တာသတ္တဝါနှင့် နတ်ဗြဟ္မာတို့ ရှိကြသေး၏" ဟုမျှ သိနိုင်ကြမည် မဟုတ်ပါ။

**ဩကာသလောက**

သတ္တဝါတို့ တည်နေရာ ဩကာသလောကကြီး ကိုလည်း "လူတို့နေရာ ဤ ကမ္ဘာမြေတပိုက်သာ ရှိ၏" ဟု မှတ်ထင် ကြရပေလိမ့်မည်၊ " ဤ ကမ္ဘာမြေအထက်၌ နတ်ဗြဟ္မာတို့၏နေရာ ဩကာသ လောက ရှိသေး၏"ဟုဝင်း"ဤကမ္ဘာမြေကြီးကဲ့သို့ ပတ်ဝန်းကျင်၌လည်း ဆိုင်ရာ အဆောက်အဦးတွေနှင့် တကွ ကမ္ဘာလောက အနန္တရှိနေ၏ " ဟုဝင်း သိနိုင် ကြမည် မဟုတ်ပါ။

**သင်္ခါရလောက**

" ဤ ကမ္ဘာလောကနှင့်တကွ အနန္တကမ္ဘာတို့၌ သက်ရှိ သက်မဲ့ အရာဝတ္ထုတို့သည် မည်သူမျှ မဖန်ဆင်းနိုင်ဘဲ သူ့ အကြောင်းအားလျော်စွာ တည်ရှိနေကြသော ရုပ်အစု နာမ်အစုတွေသာ ဖြစ်၏၊ ရုပ်နှင့်နာမ်ကိုဖယ်ထား၍ မည်သည့်အရာဝတ္ထုမျှမရှိ" ဟုသိနိုင်ကြမည်မဟုတ်ပါ၊ ယခုသော်ကား ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာ၍ ကိုယ်စီကိုယ်င ဉာဏ်စက္ခုအလင်း ကို ရကြသောကြောင့် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နာယူကြရသော မိမိတို့မှာ ယုံမှားသံသယ ကင်းရှင်းစွာဖြင့် သတ္တ ဩကာသ သင်္ခါရ ဟူသော လောက၏ အကြောင်းကို သိမြင်ကြရပါသည်။

**ဉာဏ်တော်အစွမ်း ၃ ပါး**

သတ္တဝါတို့အား ဉာဏ်စက္ခု အလင်းရောင်ကို ပေးနိုင်သော ဗုဒ္ဓမြတ်စွာ၏ မူလအရင်းခံ သဗ္ဗညုတ ဉာဏ်တော်သည် လွန်စွာ ထက်မြက်တော် မူပါသည်၊ (၁) သိသင့်သိဘွယ် အသွယ်သွယ်သောအကြောင်းအရာကို ကောင်းစွာပိုင်ပိုင် သိမြင်တော်မူနိုင်ခြင်း, (၂) ထိုသို့ သိအပ်ပြီးသော တရားဓမ္မတို့၏ ဟောပြ၍ ဖြစ်နိုင်လောက်သော အခြင်းအရာ (တရားဆင်နည်း) အသီးသီးကို အပြီးတိုင် အဆုံးတိုင် သိမြင်တော်မူနိုင်ခြင်း , (၃) တရားတော်ကို နာယူမည့် သတ္တဝါတို့၏ အလိုဆန္ဒကိုၑင်း, ရှေးဘဝက ပါလာသော အထုံဝါသနာကိုၑင်း, သဒ္ဓါ ပညာစသော ဣန္ဒြေတို့၏ အနုအရင့်ကိုၑင်း နှိုင်းချင့် ခွဲခြား၍ ကွဲကွဲပြားပြား သိတော်မူခြင်း , ဤသို့အားဖြင့် ဘုရားရှင်၏ ဉာဏ်တော်မှာ ၃ ဖြာသော အစွမ်းသတ္တိထူးနှင့် ပြည့်စုံပါသည်။

**ပိဋက ၃ ပုံ**

ထို ဉာဏ်တော်အစွမ်းဖြင့် သတ္တဝါတို့၏အကျိုးငှါ မနေမနား ဟောတော် မူအပ်သော တရားတော် များကို အမျိုးအစားအားဖြင့်ခွဲခြားလျှင် '' ဓမ္မနှင့် ဝိနယ '' ဟု ရှေးဦးစွာ ၂ မျိုးကွဲပြားပါသည်၊ ဓမ္မကို တဖန် ခွဲခြားပြန်လျှင် '' ဓမ္မ, အဘိဓမ္မ '' ဟု ၂ မျိုးကွဲပြားသောကြောင့် ထို ၃ မျိုးကိုပင် '' ပိဋက ၃ ပုံ '' ဟု ပဌမသံဂါယနာ တင်တော်မူစဉ်ကပင် အရှင်မဟာကဿပစသော ရဟန္တာအရှင်မြတ်တို့ နာမည်အသီးအသီးဖြင့် သတ်မှတ်တော်မူခဲ့ကြပါသည်။

**ဓမ္မနှင့် အဘိဓမ္မ**

ဗုဒ္ဓမြတ်စွာသည် ဓမ္မတို့ကို ဟောတော်မူသောအခါ တရားနာယူသော ပုဂ္ဂိုလ်တို့ လက်ခံနိုင်ရုံသာ ဟောတော်မူ၍ တရားသဘောရှိသလောက် အကျယ်တဝင့် ဟောတော်မမူပါ၊ ထိုသို့ လက်ခံနိုင်ရုံသာ ဟောတော်မူသောကြောင့် တရားနာပုဂ္ဂိုလ်တိုင်းပင် တရားတော်ကို သဘောကျ၍ လိုက်နာနိုင်ကြ - ကျင့်ကြံနိုင်ကြရကား ထိုက်တန်သော လောကချမ်းသာ, လောကုတ္တရာချမ်းသာကို ကိုယ်စီကိုယ်င ရရှိကြပါသည်၊ ထို ဓမ္မကိုပင် '' သုတ္တဓမ္မ=သုတ္တန်တရား '' ဟု အများ နာလည်ကြပါသည်။

**အဘိဓမ္မ**

အဘိဓမ္မ၌ကား တရားနာယူသူတို့၏ သိမှုကို ပဓာနမထားဘဲ တရားသဘာဝရှိသမျှကို အကျယ်တဝင့် ဟောပြတော်မူပါသည်၊ အထူးအားဖြင့် '' ဤကား ရုပ်, ဤကား နာမ် '' ဟု ခွဲခြား၍ ရုပ်နာမ်တို့၏ သတ္တိကိုပါ ပြတော်မူသောကြောင့် အဘိဓမ္မကို ပိုင်ပိုင်နိုင်နိုင် နားလည်သောအခါ '' ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား , မိန်းမ '' ဆိုသည်မှာ '' ရုပ်နာမ် ၂ ရပ် ပေါင်းစပ်နေသော အရာတွေသာ '' ဟု ရှင်းလင်းပြတ်သား နားလည်ကြရပါသည်၊ ထို့ကြောင့် '' အဘိ – သုတ္တန်ပါဠိတော်ထက် သာလွန်ထူးခြားသော+

ဓမ္မ – တရားတော် ” ဟု ခေါ်ဝေါ်ပညတ် နာမည်တပ်၍ “ အဘိဓမ္မာ ” ဟု သတ်မှတ်ခဲ့ကြပါသည်။

**ဝိနည်း** ဝိနည်းပိဋကတ်တော်မှာမူ ရဟန်းတော်များအတွက် ကိုယ်နှင့် နှုတ်ကို ယဉ်ကျေးအောင် ညွှန်ပြသော တရားတော်ဖြစ်ပါသည်၊ ဝိနည်းတော်အတိုင်း ပြောဆိုနေထိုင်သော ရဟန်းတော်ကို မကြည်ညိုသေးသော လူဝတ်ကြောင်များသည် ကြည်ညိုကြ၏၊ ကြည်ညိုပြီးသော လူဝတ်ကြောင်များလည်း ပို၍ လေးစားကြ၏၊ “ ရဟန်း သာမဏေ ” ဟူသော အဖြစ်သည်ပင် ဝိနည်းတော်စည်းကမ်းအတိုင်း စီစဉ်ပြုလုပ်မှ အစစ်အမှန်ဖြစ်နိုင်၏၊ထို့ကြောင့် ဝိနည်းကို “ သာသနာတော်၏ အသက် ” ဟု ရှေးဆရာမြတ်တို့ အသိအမှတ်ပြုခဲ့ကြပါသည်။

**သာသနာတော်၏ အသက်** ထိုသို့ သတ်မှတ်တော်မူခဲ့ကြသည့်အတိုင်း ဝိနည်းတရားတော်သည် သာသနာတော်၏ အသက်ပင် ဖြစ်ပါသည်၊ ဝိနည်းတော်သာ ကွယ်ပပါလျှင် သာမဏေအစစ် ရဟန်းအစစ် မဖြစ်နိုင်ရုံသာ မက ၊ ရဟန်း သာမဏေအစစ် ဖြစ်ပြီး ပုဂ္ဂိုလ်သည်ပင် ဝိနည်းတော်အတိုင်း မကျင့်ကြံ မလိုက်နာဘဲ သွားလာနေထိုင်ပါမူ ထို ပုဂ္ဂိုလ်အတွက် သာသနာတော်၌ အသက်တိုရမည်သာဖြစ်၏၊လူထွက်ရလောက်အောင် အပြစ်မကြီးကျယ်သော်လည်း အသေးအငယ် သိက္ခာပုဒ် ဥပဒေတော်များကို လွန်ကျူးနေလျှင် လူမမာဘဝဖြင့် အသက်ရှင်နေရသူကဲ့သို့ လွန်ကျူးအပ်သမျှ သိက္ခာပုဒ်ငယ်များအတွက် မကျန်းမမာနှင့် သာသနာတော်တွင် အသက်ရှင်နေသူသာ ဖြစ်နိုင်ပါသည်။

**လဇ္ဇီသာလျှင် သာသနာစောင့်နိုင်** ဝိနည်း ဥပဒေတော်ကို မကျူးကျော်ဘဲ စောင့်ထိန်း၍ ဝိနည်းဆုံးဖြတ်ရမည့် ကိစ္စ၌ အဂတိ မလိုက်စားသော ရဟန်းတော်များကို “ လဇ္ဇီ ” ဟု ခေါ်ပါသည်၊ ထို လဇ္ဇီပုဂ္ဂိုလ်သာလျှင် သာသနာတော်ကို မကွယ်ပအောင်စောင့်ထိန်းနိုင်ပါသည်၊ အလဇ္ဇီပုဂ္ဂိုလ်ကား မိမိပြုထားသော မကောင်းမှုကိုပင် ဝိနည်းတော် အားဖြင့် အပြစ်မရှိလေဟန် ကြံဖန်ပြောဆို၍ ဝိနည်းတရားတော်ကိုပယ်ရှားလျက် သာသနာတော်ကို မပျက်-ပျက်အောင် ဖျက်ဆီးတတ်ပါသည်၊ ထို့ကြောင့် “ အနာဂတေ လဇ္ဇီ ရက္ခိဿတိ လဇ္ဇီ ရက္ခိဿတိ = အနာဂတ်ကာလ၌ လဇ္ဇီ သူတော်ကောင်း သီလဝန်ပုဂ္ဂိုလ်အပေါင်းက သာသနာတော် မကွယ်ပအောင် စောင့်ရှောက်ရစ်လိမ့်မည် ” ဟု ၃ ကြိမ်တိုင်တိုင် ရှေးရှေး ဆရာတော်တို့ ကြွေးကြော်တော်မူခဲ့ကြပါသည်။

**သာသနာတော်** ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို ပါဠိလို "သာသနာ" ဟု ခေါ်၏၊ ထိုသာသနာတော်သည် ပရိယတ် ပတိပတ် ပတိဝေဓ အားဖြင့် ၃ ပါး ရှိ၏၊ သင်ယူ ပို့ချအပ်သော သုတ် ဝိနည်း အဘိဓမ္မာ ပိဋကတ် ၃ ဖြာသည် ပရိယတ်သာသာနာတော်မည်၏၊ ထို ပိဋကတ်တော်ဖြင့် ဟောဖော် ညွှန်ပြအပ်သော သီလမှ စ၍ အကျင့် သိက္ခာသည် ပတိပတ် သာသနာတော် မည်၏၊ ထိုအကျင့်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သည် ပတိဝေဓ သာသနာတော်မည်၏။

**သိက္ခာ ၃ ရပ်** ပိဋကတ် ၃ ဖြာဖြင့် ညွှန်ပြအပ်သော ပတိပတ် သာသနာတော်၏ လိုရင်းမှာ – သီလ သမာဓိ ပညာ ဤ ၃ ပါးသာဖြစ်၏၊ ထို ၃ပါးကိုပင် ရဟန်းတော်တို့ ကျင့်ရမည်ဖြစ်သောကြောင့် သိက္ခာ ၃ ပါးဟု အသိအမှတ် ပြုထားကြပါသည်၊ ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်တော်မူပြီး၍ ဓမ္မစကြာစသော တရားတော်ကို ဟောတော်မူလျှင်ပင် ပရိယတ် ပတိပတ် ပတိဝေဓ ဟူသော သာသနာတော် ၃ ရပ်သည်၎င်း, သီလ သမာဓိ ပညာဟူသော အကျင့်သာသနာ သိက္ခာ ၃ ရပ်သည်၎င်း, ထင်ရှားပြတော်မူပြီး ဖြစ်ပါတော့သည်။*

**သာသနာ့ ဝန်ထမ်း ရဟန်းတော်များ** ဗုဒ္ဓမြတ်စွာသည် သာသနာတော် ၃ ဖြာ သိက္ခာ ၃ရပ်ကို ပညတ် တည်ထားတော်မူသောအခါ ထို သိက္ခာ ၃ရပ်ကို ကျင့်၍ ထို သာသနာတော်၏ တာဝန်ကို ထမ်းဆောင်နိုင်မည့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်အဖွဲ့လည်း ပဉ္စဝဂ္ဂီ ၅ ပါး အမှူးထား၍ တဖြည်းဖြည်း တိုးပွားလာခဲ့ပါသည်၊ အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလ္လာန် လက်ဝဲ လက်ျာတော်ရံ အဂ္ဂသာဝက ၂ပါးသည်ပင် ပဉ္စဝဂ္ဂီ ၅ ပါးတွင် ပါဝင်သော အရှင်အဿဇိမထေရ်၏ သာသနာ့ဝန်ဆောင်မှုကြောင့် ဘိက္ခုအဖြစ်သို့ ရောက်တော်မူကြ၍ သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် အရှင်များ ဖြစ်လာကြရပါသည်။

---

*မှတ်ချက်။ ။ဓမ္မစကြာသည် ပရိယတ်သာသနာတော်ဖြစ်၍ ဓမ္မစကြာ၏ ကျင့်စဉ်ဖြစ်သော မဇ္ဈိမပဋိပဒါသည် ပတိပတ်သာသနာတော်ဖြစ်၏၊ အရှင်ကောဏ္ဍညမထေရ် သိအပ်သော တရားတော်သည် ပတိဝေဓသာသနာတော်ဖြစ်၏၊ ထိုဓမ္မစကြာ၏ မဇ္ဈိမပဋိပဒါ၌ပင် "သီလသမာဓိ ပညာ" ဟူသော သိက္ခာ ၃ ပါး ပါဝင်၏၊ ဤသို့ ဓမ္မစကြာတရားကို ဟောတော်မူရင်းပင် သိက္ခာ ၃ ရပ်ဖြင့် သိမ်းကြုံးအပ်သော သာသနာ့ဗြဟ္မစရိယကို ပြတော်မူပြီးဖြစ်သောကြောင့် " တံ ဓမ္မံ ဒေသေန္တော ဗြဟ္မစရိယံ ပကာသေတိ "ဟု ထိုထိုပါဠိတော်၌ မိန့်တော်မူပါသည်။

(၁) ရဟန်းများတို့.... ဟိုမီးပုံကြီးကို မြင်ကြရဲ့လား၊ အဲဒီမီးပုံကြီးကို ပွေ့ဖက်၍ မီးပုံကြီးအနီးအပါး၌ ထိုင်မှု အိပ်မှုကို ပြုခြင်း, လက် ခြေ အင်္ဂါ လွန်စွာ နုညံ့သော သတို့သမီးကို ပွေ့ဖက်၍ သတို့သမီးအနီးအပါး၌ ထိုင်မှု အိပ်မှုကိုပြုခြင်း, ဤ ၂ မျိုးဝယ် အဘယ်ပြုခြင်းက ကောင်းမြတ်သနည်း ဟု မေးတော်မူပါသည်၊ ထိုအခါ ရဟန်းများသည် " လက် ခြေ အင်္ဂါ လွန်စွာ နုညံ့သော သတို့သမီးကို ပွေ့ဖက်၍ အနီးအပါး၌ထိုင်ခြင်း အိပ်ခြင်းက ကောင်းမြတ်ပါကြောင်း" လျှောက်ပါသည်။*

ထိုအခါ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသည်မှာ — ရဟန်းများတို့···· ငါဘုရား မိန့်တော်မူမည်၊ ဒုသီလ ဖြစ်နေသော ရဟန်းအတွက် မီးပုံကြီးကို ပွေ့ဖက်၍ ထိုင်ခြင်း အိပ်ခြင်းသည် ကောင်းသေး၏၊ အကြောင်းမှာ—ထိုသို့ နေထိုင်မှုကြောင့် ဒုသီလရဟန်းအတုမှာ သေရုံသာ, သို့မဟုတ် သေလုမလောက် ဒုက္ခရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ၊ လက်ခြေအင်္ဂါ နုနယ်စွာသော သတို့သမီးကိုပွေ့ဖက်၍ ထိုင်မှုအိပ်မှုကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာရှိလေသည်။

(၂) ရဟန်းများတို့.... အားကောင်းသော ယောကျ်ား တယောက်သည် ခိုင်မြဲစွာ ကျစ်အပ်သော သားမြီးကြိုးဖြင့် ခြေသလုံးတို့ကို ရစ်ပတ်၍ ပွတ်တိုက်အပ်သည်ရှိသော် ထို သားမြီးကြိုးသည် အရေပါး အရေထူ အသား အကြော အရိုးတို့ကို တခုပြီးတခုဖြတ်လျက် ရိုးတွင်းခြင်ဆီကို ထိခိုက်ရာ၏၊ ထိုသို့ပွတ်တိုက်ခံရခြင်းထက် ဒုသီလရဟန်း၏ လူဝတ်ကြောင်တို့ရှိခိုးဝပ်ချမှုကို သာယာခြင်းက သာ၍ ကြောက်ဘွယ်ကောင်းပေသည်၊ အကြောင်းမှာ— ထိုသို့ ပွတ်တိုက်မှုကြောင့် သေရုံသာ, သို့မဟုတ် - သေလုမလောက် ဒုက္ခရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ၊ လူဝတ်ကြောင်တို့၏ ရှိခိုးဝပ်ချမှုကို သာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်နိုင်လေသည်။

(၃) ရဟန်းများတို့···· အားကောင်းသော ယောကျ်ား၏ ဆီဖြင့်သွေးကာ လွန်စွာထက်သော လှံဖြင့် ရင်ဘတ်ကို တည့်တည့် အထိုးခံရခြင်းထက် ဒုသီလ ဖြစ်ပါလျက် လူကြီး လူကောင်းတို့၏ လက်အုပ်ချီမှုကို သာယာခြင်းသည် သာ၍ ကြောက်စရာကောင်း၏၊ အကြောင်းမှာကား—ရင်ဘတ်ကို လှံထိုးခံရခြင်းကြောင့် သေရုံသာ , သို့မဟုတ် - သေလုမလောက် ဒုက္ခရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ၊ ဒုသီလအဖြစ်ဖြင့် ရှိခိုးမှုကို သာယာခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်နိုင်လေသည်။

---

* မှတ်ချက်။ ။မီးပုံကြီးကို ဥပမာပြု၍ ဟောတော်မူအပ်သောသုတ်တော်ကို "အဂ္ဂိခန္ဓောပမသုတ်" ဟု ခေါ်၏။

(၄) ရဟန်းများတို့.... အားကောင်းသော ယောကျ်ားတယောက်က မိမိ၏ ကိုယ်ခန္ဓာကို မီးလျှံတောက်နေသော သံပြားဖြင့် ရစ်ပတ်ထားခြင်းကို ခံရခြင်းထက် ဒုဿီလဖြစ်လျက် လူကြီးလူကောင်းတို့၏ သဒ္ဓါတရားဖြင့် လှူအင်သော သင်္ကန်းကို ( ခန္ဓာကိုယ်မှာ ဝတ်ရုံ ) ရစ်ပတ်ခြင်းသည် သာ၍ ကြောက်စရာ ကောင်း၏၊ အကြောင်းမှာကား– ထို မီးလျှံတောက်သော သံပြားဖြင့် ရစ်ပတ်ခံရခြင်းကြောင့် သေရုံသာ , သို့မဟုတ် - သေလုမလောက် ဒုက္ခရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ၊ လူကြီးလူကောင်းတို့၏ သဒ္ဓါတရားဖြင့် လှူအပ်သော သင်္ကန်းကို ဒုဿီလအဖြစ်ဖြင့် သုံးစွဲခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာရှိလေသည်။

( ၅ ) ရဟန်းများတို့ .... အားကောင်းသော ယောကျ်ား တယောက်က အလွန်ပူသော သံချိတ်ဖြင့် ပါးစပ်ကို ဆွဲဖွင့်၍ မီးအလျှံတောက်နေသော သံတုံးကို ထည့်သွင်းလိုက်သည် ရှိသော် ထို သံတုံးသည် နှုတ်ခမ်းကိုင်း, ခံတွင်းကိုင်း , လျှာကိုင်း, လည်ချောင်းကိုင်း,ရင်ကိုင်း အဆက်ဆက်လောင်ပြီးလျှင် အူသေး အူမတို့ကို ယူဆောင်လျက် အောက်သို့ ထွက်လာရာ၏၊ ထိုမျှလောက် ဒုက္ခပေးသော သံတုံးကို မျိုရခြင်းထက် လူဝတ်ကြောင်တို့၏ သဒ္ဓါတရားဖြင့် လှူအပ်သော ဆွမ်းကို ဒုဿီလအဖြစ်ဖြင့်စားခြင်းသည် ကြောက်ဘွယ်ကောင်းလှ၏၊ အကြောင်းမှာကား—ထိုသံတုံးကို မျိုရခြင်းကြောင့် သေရုံသာ, သို့မဟုတ် သေလုမလောက် ဒုက္ခရောက်ရုံသာ ဖြစ်စရာရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ၊ သဒ္ဓါ၍လှူအပ်သော ဆွမ်းကို ဒုဿီလအဖြစ်ဖြင့် စားခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာ ရှိလေသည်။

(၆) ရဟန်းများတို့....အားကောင်းသော ယောကျ်ားတယောက်က ပခုန်းကိုင်၍ အလွန်ပူသော ညောင်စောင်း အင်းပျဉ် ( ခင္ဒင်, ထိုင်ခုံ)၌ ထိုင်စေခြင်း, အိပ်စေခြင်းကိုခံရခြင်းထက် သဒ္ဓါတရားဖြင့်လှူအပ်သော ညောင်စောင်း အင်းပျဉ် ( ခင္ဒင် , ထိုင်ခုံ )ကို ဒုဿီလအဖြစ်ဖြင့် သုံးစွဲရခြင်းသည် သာ၍ ကြောက်ဘွယ်ကောင်းလှ၏၊ အကြောင်းမှာကား—ထို အလွန်ပူသော ညောင်စောင်း အင်းပျဉ် (ခင္ဒင် ထိုင်ခုံ)၌ ထိုင်ရ အိပ်ရခြင်းကြောင့် သေရုံသာ, သို့မဟုတ်–သေလုမလော် ဒုက္ခရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့ မရောက်နိုင်ပါပေ၊ သဒ္ဓါ၍ လှူအပ်သော ခင္ဒင် ထိုင်ခုံကို ဒုဿီလအဖြစ်ဖြင့် သုံးစွဲခြင်းကြောင့်ကား အပါယ်ငရဲသို့ ရောက်စရာ ရှိလေသည်။

(၇) ရဟန်းများတို့....အားကောင်းသော ယောကျ်ားတယောက်က ဦးခေါင်း စောက်ထိုးထား၍ ခြေ ၂ ချောင်းကို ကိုင်လျက် အလျှံတောက်နေသော သံရည်အိုးထည်း၌ ပစ်ချရာ၏၊ ထိုသို့ အပစ်ချခံရ၍ အမြှုပ်ကလေးတွေ ဖြစ်စေလျက်

ပွက်ပွက်ဆူပြီးလျှင် အထက်သို့ပေါ်လာလိုက် အောက်သို့မြုပ်သွားလိုက် ဘေးသို့ရောက်သွားလိုက် အားဖြင့် ကျက်၍နေရခြင်းထက် သဒ္ဓါတရားဖြင့် လှူအပ်သော ကျောင်း၌ ဒုဿီလအဖြစ်ဖြင့် နေခြင်းသည် သာ၍ ကြောက်ဘွယ် ကောင်း၏၊ အကြောင်းမှာကား— ထိုကဲ့သို့ ကျက်၍ နေရခြင်းကြောင့် သေရုံသာ, သို့မဟုတ်— သေလုမလောက် ဒုက္ခရောက်ရုံသာ ရှိ၏၊ အပါယ်ငရဲသို့ကား ရောက်စရာ မရှိပါပေ၊ သဒ္ဓါ၍ လှူအပ်သော ကျောင်း၌ ဒုဿီလအဖြစ်ဖြင့် နေခြင်းကား အပါယ်ငရဲသို့ ရောက်စရာရှိလေသည်၊.

**တရားအဆုံး၌ ဖြစ်ပျက်ပုံ**

ဗုဒ္ဓမြတ်စွာသည် သဒ္ဓါ၍လှူအပ်သော ပစ္စည်းများကို ဒုဿီလအဖြစ်ဖြင့် သုံးစွဲနေခြင်း၏ အပြစ်ကို ဤ အဂ္ဂိခန္ဓောပမသုတ်ဖြင့် ဟောပြတော်မူပြီးသောအခါ နဂိုရ်က ပါရာဇိကကျ၍ ဒုဿီလဖြစ်နေသော ခြောက်ဆယ်မျှလောက် ရဟန်းတုတွေမှာ စိတ်နှလုံး ပူလောင်လျက် ပါးစပ်မှ သွေးပူတွေ အန်ထွက်လာလေ၏၊ နဂိုရ်က မစင်ကြယ်သော သီလဖြင့် အောက် အာပတ်အထွေထွေ သင့်၍နေသော ခြောက်ဆယ်မျှလောက် ရဟန်းတွေသည် " သာသနာ့ဝန်ကိုဆောင်ဘို့ရန် ခဲယဉ်းပါတယ် ခဲယဉ်းပါတယ် "ဟု ပြောဆိုကာ လူထွက်ရှာကြလေ၏၊ နဂိုရ်က စင်ကြယ်သောသီလဖြင့် နေလာကြသော သူတော်သူမြတ် ခြောက်ဆယ်လောက်ကား ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။ [သတ္တကအင်္ဂုတ္တိုရ်, မဟာဝဂ္ဂပါဠိတော်။]*

**ပေါ့လျော့သော ရဟန်းဘဝအပြစ်**

ရဟန်းဘဝဟူသည် သီလသိက္ခာကိုဖြည့်ကျင့်မှု၌ ပေါ့ပေါ့လျော့လျော့ စိတ်မထားဘဲ တင်းတင်းမာမာ ထက်ထက်သန်သန် စိတ်ထားနိုင်သူတို့၏ နေထိုင်ရာဘဝဖြစ်ပါသည်၊ ထိုသို့စိတ်မထားနိုင်ဘဲ သီလသိက္ခာ ပေါက်ပေါက်ကြားကြားနှင့် စိတ်အားလျော့၍

---

*မှတ်ချက်။ ။ဗုဒ္ဓမြတ်စွာသည် သွေးအန်ကြ-လူထွက်ကြသူ ၂ မျိုးလုံးပင် လူထွက်ပြီးနောက် လူ့ကျင့်ဝတ်ကိုစောင့်ရှောက်နေလျှင် အပါယ်ငရဲ မကျနိုင်ဘဲ ကောင်းသော ဘဝ ရကြမည်ကိုရင်း, တချို့လည်း တရားကျင့်၍ တရားထူးရကြမည်ကိုရင်း မြော်မြင်တော်မူကာ ဤ အဂ္ဂိခန္ဓောပမသုတ္တန် ဒေသနာတော်ကို ဟောတော် မူပါသည်၊ ဤ ဒေသနာတော်ကို တဆင့်တဆင့် ကြားနာရ၍ သီလကို ဖြည့်စုံအောင် မထိန်းနိုင်သော ရဟန်း အချို့လည်း ဆယ်စု ရာစု ထောင်စု တိုင်အောင် အစုလိုက် အပြုံလိုက် လူထွက်ကြလေသည်။ [ ဧကအင်္ဂုတ္တရ , အစ္ဆရာသံဃာတသုတ် အဋ္ဌကထာ။ ]

ဤသုတ္တန်ကိုထောက်၍ သာသနာတော်ဝန်ထမ်း ရဟန်းသံဃာတွေ အရေအတွက်များခြင်းထက် အရည်အချင်း ပြည့်စုံခြင်းကိုသာ ဗုဒ္ဓမြတ်စွာ လိုလားတော်မူကြောင်း, ဘုရားရှင်လက်ထက်တော်ဝယ် နောက်တော်ပါ သံဃာထည်း၌ ပါရာဇိကကျပြီးသော ရဟန်းတု ၆၀ ပါနေကြောင်းကို အံ့အဘွယ်ရာ တွေ့ရပါသည်။

ပေါ့တော့တော့ ဖြစ်နေလျှင် ထို ရဟန်းဘဝသည် မိမိကို ပြန်၍ နှိပ်စက်ကာ အပါယ်ငရဲသို့ ဆွဲချလိမ့်မည်သာ ဖြစ်ပါသည်၊ ဥပမာ – အကိုင်မတတ်သူသည် သမန်းမြက်ကိုကိုင်လျှင် ထို သမန်းမြက်က ကိုင်သောလက်ကို ရှသကဲ့သို့ ဖြစ်လေသည်။ [ဓမ္မပဒ, နိရယဝဂ် (၃၁၁) ပါဠိတော်။]

**ထင်၍ မြူမှုန်တင်သော ရဟန်းအဖြစ်**

ရဟန်းဘဝ၌ ပေါ့ပေါ့ဆဆနေထိုင်ကာ သီလသိက္ခာကို ကောင်းစွာမဖြည့်နိုင်သူ, စိတ်ကို ငြိမ်သက်အောင် မထားနိုင်သူမှာ ပင်ကိုယ်က ရှိနေသော ရာဂ ဒေါသ မောဟမြူတွေ မစင်ကြယ်သည့်အပြင် ကာမရာဂမြူမှုန်တွေသည် လူဘဝတုန်းက ထက်ပင် ထကြွ၍ စိတ်အစဉ်မှာ တိုးပွားလာဘွယ်ရှိ၏၊ လူတို့၏ ရှိခိုးဦးချကိုခံနေရသဖြင့် "ငါရဟန်း" ဟူသော မာန ဒေါသတွေလည်း လူဘဝတုန်းကထက်ပင် ထကြွ ပြင်းထန်တတ်လေသည်၊ ဥပမာ– အညစ်အကြေးကို ဆေးဘို့ရန် ရေကန်သို့ ဆင်းသူသည် ရွှံ့ညွှန်ရေကိုသာ ဆေးရသဖြင့် သာ၍ ညစ်ပေသကဲ့သို့တည်း။ [ဓမ္မပဒ, နိရယဝဂ် (၃၁၃) ပါဠိတော်။]

**သီလ၏ ခုဘဝအကျိုး**

ဗုဒ္ဓမြတ်စွာသည် သီလသိက္ခာ၏ ပစ္စုပ္ပန် အကျိုးကိုလည်း ပြတော်မူ၏၊ (၁) ရဟန်းများတို့........မိမိကိုယ်ကို သီတင်းသုံးဘော် ရဟန်းအချင်းချင်း ကြည်ညိုခြင်း လေးစားခြင်းကို ခံလိုလျှင် မိမိ၏ သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်၊ (၂) ရဟန်းများတို့.... ဆွမ်း သင်္ကန်း စသော ပစ္စည်းကို တရားသဖြင့် ရရှိလိုလျှင် မိမိ၏ သီလသိက္ခာကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်၊ (၃) ရဟန်းများတို့.... မိမိအား ပစ္စည်း ၄ ပါး ထောက်ပံ့လှူဒါန်းသူတို့၏ ကောင်းမှုတို့ကို အကျိုးများများပေးစေလိုလျှင် မိမိ၏သီလကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်၊ (၄) ရဟန်းများတို့.... ကွယ်လွန်လေပြီးသော ဆွေမျိုးဉာတိတို့က ရောက်ရာဘဝမှ မိမိကို ကြည်ညိုသော စိတ်ဖြင့် သတိရသောအခါ ထို ကြည်ညိုမှု၏အကျိုးကို များစွာရစေလိုလျှင် မိမိ၏ သီလကို စင်ကြယ်အောင် ဖြည့်ကျင့်ရမည်၊ ဤသို့ စသည်ဖြင့် သီလ၏ အကျိုးကိုဇင်း, သမာဓိရအောင် သမထကမ္မဋ္ဌာန်း စီးဖြန်းခြင်း၏အကျိုးကိုဇင်း, ဝိပဿနာဘာဝနာ၏အကျိုးကိုဇင်း ဟောပြတော်မူပါသည်။ [မူလပဏ္ဏာသ, အာကင်္ခေယျသုတ် ပါဠိတော်။]

**တာဝန်ဆောင်တော်မူစေလိုခြင်း**

သာသနာတော်၌ ထမ်းဆောင်ဘို့ရန် တာဝန်သည် ဂန္ထဓုရ ဝိပဿနာဓုရဟု ၂ မျိုးရှိရာ, ဘုရားဟောတော်မူအပ်သော ပိဋကတ်တော်များကို မကွယ်မပအောင် ပို့ချခြင်း သင်ယူခြင်းသည် ဂန္ထဓုရ (ပိဋကတ်တာဝန်)ကို ထမ်းဆောင်ခြင်းမည်၏၊ သီလ

ကို ဖြည့်ခြင်းမှစ၍ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းသည် ဝိပဿနာဓုရကို ထမ်းဆောင်ခြင်းမည်၏၊ ဗုဒ္ဓမြတ်စွာသည် ထိုတာဝန် ၂ မျိုးကို စွမ်းနိုင်သည့်ဘက်က ထမ်းဆောင်စေတော်မူလိုပါသည်၊ အရှင် ဥပါလိသည် ရဟန်းပြုပြီး၍ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတရားကို နာယူပြီးလျှင် တောသို့ သွား၍ နေလိုပါကြောင်း ခွင့်တောင်းပါလေသည်၊ ထိုအခါ ''တော၌နေလျှင် ဝိပဿနာတာဝန် ၁ မျိုးကိုသာ တိုးပွားစေနိုင်လိမ့်မည်၊ ငါ၏အထံ၌ နေလျှင်ကား ရဟန်းတော်များကိုလည်း ဝိနည်းပိဋကတ်ကို ပို့ချ၍ ဓုရ ၂ ပါးလုံးကို ဖြည့်နိုင်လိမ့်မည်'' ဟု မိန့်တော်မူပါသည်။ [အင်္ဂုတ္တရ, တေဒဂ္ဂဝဂ္ဂ အဋ္ဌကထာ။]

**သံဃာများကို စောင့်ရှောက်စေတော်မူလိုခြင်း**

ဗုဒ္ဓမြတ်စွာသည် သာသနာ့တာဝန်ကို ထမ်းဆောင်မည့် သံဃာတော်များကိုလည်း ဆရာသမားတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုကို လိုလားတော်မူပါသည်၊ အခါတပါး၌ဗုဒ္ဓမြတ်စွာသည် စာတုမာမြို့၌ သီတင်းသုံးတော်မူစဉ် , အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်တို့၏ တပည့် အဖြစ်ဖြင့် တောကျေးရွာမှပါလာသော ရဟန်းငယ် ငါးရာတို့သည် ကျောင်းတိုက်အတွင်း၌ ဆူညံဆူညံနှင့် စကားပြောသံကို ကြားတော်မူ၍ အဂ္ဂသာဝက ၂ ပါး အမှူးထားသော ထို ရဟန်းတို့ကို ကျောင်းတိုက်မှ ထွက်သွားစေတော်မူပါသည်၊ ထို့နောက် ထိုမြို့၌နေကြသော သာကီဝင်မင်းများသိ၍ တောင်းပန်သောကြောင့် အဂ္ဂသာဝက ၂ ပါးနှင့်အတူ ပြန်ရောက်လာကြသောအခါ အရှင်သာရိပုတြာကို မေးတော်မူသည်မှာ——

သာရိပုတြာ....နှင်ထုတ်သော အခါတုန်းက ဘယ်လိုများ စိတ်ဖြစ်သနည်း၊ ဤသို့ မေးတော်မူသောအခါ ''မြတ်စွာဘုရားသည် သံဃာများအပေါ်၌ ကြောင့်ကြမဲ့ ထားတော်မူကာ ချမ်းချမ်းသာသာဖြင့် သမာပတ်ဝင်စား၍ နေတော်မူလိုသည်၊ ငါတို့လည်း ဘုရားရှင်၏ အလိုတော်အားလျော်စွာ သံဃာများအပေါ်၌ ကြောင့်ကြမဲ့ထား၍ သမာပတ် ဝင်စားကာ ချမ်းချမ်းသာသာ နေကြတော့မည်'' ဟု စိတ်ဖြစ်ပါကြောင်း လျှောက်လေလျှင် ''သာရိပုတြာ....ထိုကဲ့သို့ ချမ်းချမ်းသာသာနေဘို့ရန် ဆိုင်းငံ့ဦးလော'' ဟု မိန့်တော်မူပြီးလျှင် အရှင်မောဂ္ဂလ္လာန်ကို မေးတော်မူသော အခါ——

'' မြတ်စွာဘုရားသည် ရဟန်း သံဃာများ အပေါ်၌ ကြောင့်ကြမဲ့ထား၍ သမာပတ် ဝင်စားတော်မူကာ ချမ်းချမ်းသာသာ နေတော်မူလိမ့်မည်၊ ယခုအခါ ရဟန်းသံဃာများကို ငါနှင့် အရှင်သာရိပုတြာသာ စောင့်ရှောက်ရတော့မည်'' ဟု စိတ်ဖြစ်ပါကြောင်း လျှောက်ထားသောအခါ ''သာဓု သာဓု မောဂ္ဂလ္လာန''

ဟု သာဓုခေါ်တော်မူ၍ ''မောဂ္ဂလ္လာန်.... ငါဘုရားလည်း ရဟန်းသံဃာများကို စောင့်ရှောက်တော်မူမည်၊ သာရိပုတြာ မောဂ္ဂလ္လာန်တို့ကလည်း ရဟန်းသံဃာများကို စောင့်ရှောက်ကြရမည်'' ဟု မိန့်တော်မူပါသည်။ [မဇ္ဈိမပဏ္ဏာသ, စာတုမသုတ်ပါဠိတော်။]

ဤသို့ အရှင်ဥပါလိအားမိန့်တော်မူအပ်သောစကားတော်,အရှင်မောဂ္ဂလ္လာန်အား မိန့်တော်မူအပ်သော စကားတော်များကို ထောက်ထား၍ ရဟန်းသံဃာတော်များကို စောင့်ရှောက်လျက် သာသနာ့ တာဝန်ဆောင်ကြဘို့ရန် ဘုရားရှင် လိုလားတော်မူကြောင်း ထင်ရှားပါသည်။

**နောက်ဆုံး တရားတော်**

ဗုဒ္ဓမြတ်စွာသည် ၄၅ ဝါ ကာလကြာအောင် ပိဋက ၃ သွယ်, နိကာယ် ၅ဖြာ, အင်္ဂါ ၉ တန်, ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်း လေးထောင်သော တရားရောင်တို့ဖြင့် မဇ္ဈိမဒေသ လူ့လောကနှင့် နတ်ဗြဟ္မာလောက အတွင်း၌ ဝင်းဝင်းပြောင်ပြောင် တောက်လောင်ထိန်လင်း စေတော်မူပြီးလျှင် မီးပုံကြီးပမာ ရုပ် နာမ် ခန္ဓာ ဇာတ်သိမ်း၍ ငြိမ်းတော်မူခါနီး ဝယ် ''အပ္ပမာဒေန သမ္ပာဒေထ=မမေ့မလျော့ မပေါ့မဆသော သတိဖြင့် သီလ သမာဓိ ပညာ, ၃ ဖြာသော သိက္ခာကို ပြီးစီးစေကြလော'' ဟု နောက်ဆုံး ဩဝါဒတော်ကို မိန့်တော်မူပြီးလျှင် ဈာန်သမာပတ်တို့ကို အထပ်ထပ် ဝင်စားတော်မူကာ ကြည်လင်သော ရွှေမျက်နှာတော်ဖြင့် ခန္ဓာကမ္ဘဇရုပ်ကို အပြီးသတ် ချုပ်ငြိမ်းစေတော်မူပါသည်။

**ဝုတ္တာနေတာနိ သုတ္တာနိ, ဝေနေယျာနံ ဟိတေသိနာ၊**
**သဒ္ဓါပုဗ္ဗက စိတ္တေန, သာဓု သုဏန္တု သုဗ္ဗတာ။**

ဝေနေယျာနံ – ဆုမ္မထိုက်သူ, နတ်လူဗြဟ္မာ, သတ္တဝါတို့၏၊ ဟိတေသိနာ– စီးပွားအစစ်, တရားအနှစ်ကို, စံနစ်တကျ, လိုလားတော်မူလှသော မြတ်စွာဘုရားသည်၊ ဝုတ္တာနိ – ကရုဏာလှို့ဆော်, မေတ္တာတော်ဖြင့်, ထုတ်ဖေါ်ဟောပြတော်မူအပ်ကုန်သော၊ ဧတာနိ သုတ္တာနိ - သာသနာတည်ကြောင်း, အရှည်ကောင်းသည့်, ထုံးဟောင်းသေချာ, ဤဒေသနာတော်တို့ကို၊ သုဗ္ဗတာ–ဆိုလွယ်ဆုံးမ, သောဝစဿဂုဏ်, ပြည့်စုံကြပေကုန်သော၊ သာဓု – ရွှေကျင်ဂိုဏ်း, တောဂိုဏ်း, ဝိသုဒ္ဓါရုံဂိုဏ်း၌, ကိုင်းရှိုင်းခိုအောင်း, သူတော်ကောင်းတို့သည်၊ သဒ္ဓါပုဗ္ဗကစိတ္တေန - သဒ္ဓါရှေ့သွား, စိတ်ကောင်းထားသဖြင့်၊ သုဏန္တု – နားသောတဆင်, ဥုးထိပ်တင်၍, စိတ်တွင်စွဲကာ, လိုက်နာနိုင်ကြပါစေ သတည်း၊

**သာဓု သာဓု သာဓု။**

# ဩဝါဒကထာ ဒုတိယပိုင်း

သော ဇာတော ယေန ဇာတေန, ယာတိ ဝံသော သမုန္နတိံ၊
ပရိဝတ္တိနိ သံသာရေ, မရိတော ကောဝါ န ဇာယတေ။

လောက၌ အကြင် သူတယောက် မွေးဖွားလာသည့် အတွက် တမျိုးလုံး တနွယ်လုံး မြင့်မောက်၍ အထက်တန်းရောက်ရ၏၊ အမျိုးကို မြှင့်တင်နိုင်သော ထိုသူမျိုးတယောက်ကိုသာ "ဖွားမြင်လာပေသည်" ဟု အသိအမှတ်ပြုရပါသည်၊ သူ့လို ကိုယ့်လို သာမန် လူတယောက်ကိုကား မွေးဖွား လာသော်လည်း "မွေးဖွားလာသည်" ဟု ပြောစရာ မလိုပါ၊ အကြောင်းမှာ – တဒပြောင်းပြန်ပြန် ကျင်လည်နေရသော သံသရာထည်းဝယ် သေပြီးသူမှန်သမျှ သင့်တော်ရာဘဝ၌ ပြန်၍ ဖြစ်ရိုး မွေးဖွားရိုး ထုံးစံ ဖြစ်ပါသောကြောင့်တည်း။

ရွှေကျင် ဆရာတော်ဘုရားကြီးတည်းဟူသော ပုဂ္ဂိုလ်ထူးတပါး ဖွားမြင် ပေါ် ပေါက်လာသည့် အတွက်ကား သာသနာတော် အဆင့်အတန်း တိုးတက်၍ လာခဲ့ပုံမှာ ရွှေကျင်နိကာယ သာသနာဝံသတွင် ပြထားသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား,ဥုးသီလ ဆရာတော်ဘုရား,ကျောင်းတော်ရာ ဆရာတော်ဘုရား, ကျိုက္ကစံဆရာတော်ဘုရား,ဒိပဲရင်း ဆရာတော်ဘုရားစသော သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော်ကြီးအများအပြား ထွန်းကား၍ ထိုဆရာတော်များမှ အဆင့်ဆင့် ရွှေကျင်ဂိုဏ်းကြီး ပွားစည်းကြီးမြင့်ပုံကို မြင်ရခြင်းအားဖြင့် ထင်ရှား စေပါသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိသတ်ထိန်းတော်မူပုံ

ဒန္တော နေကော ဒမယန္တိ, အင်္ဂေဟိ ကသာဟိစ၊
အဒဏ္ဍေန အသတ္ထေန, နာဂေါ ဒန္တော မဟေသိနာ။

ဗုဒ္ဓမြတ်စွာသည် ဆုံးမထိုက်သူ နတ်လူအများကို မဆိုထားဘိ , အရက် တိုက်၍ စေလွှတ်အပ်သော နာဠာဂိရိဆင်ပြောင်ကြီးကိုသော်မှ ဒုတ်လည်းမဖက် ဒါးစသော လက်နက်လည်းမပါ, မေတ္တာလက်နက်ဖြင့်သာ ယဥ်ကျေးလာအောင် ဆုံးမတော်မူသည်ကို အတုယူတော်မူကာ ရွှေကျင်ဆရာတော်ဘုရားသည် ရဟန်း သံဃာများကိုမဆိုထားဘိ, ကျောင်းသားသူငယ်များကိုပင် သူတော်စင် အဝတ် ဖြူကို ဝတ်စေတော်မူကာ အလွန်ယဥ်ကျေးသော ရှင်လောင်းကလေးဖြစ်အောင် မေတ္တာဘာဝနာ လက်နက်ဖြင့် အချက်ကျ အချိုးကျ ဩဝါဒပေးတော်မူပါသည်။

### ဆရာတော်ဘုရားကြီး၏
### အာစရိယအမည်နှင့် လိုက်လျောတော်မူပုံ

သာဝဏ္ဏေ ပတိသေမေန္တော, အနဝဇ္ဇေ နိယောဇကော၊
ဘုသော စရတိ သိဿာနံ, အတ္ထံ အာစရိယော တတော။

သာသနာ့ဝန်ထမ်း ရဟန်းဆရာဖြစ်စေ, ပညာသင်ပေးသော လူဝတ်ကြောင် ဆရာဖြစ်စေ မိမိကို မှီခိုအားထားသော တပည့်များ၏ အစီးအပွားကို ကြိုးကြိုးစားစား ကျင့်သောအားဖြင့် အပြစ်ကို မြစ်တား၍ အကျိုးကို ညွှန်ကြားမှသာ အာစရိယ အမည်နှင့် လိုက်လျောပါသည်၊ ရွှေကျင် ဆရာတော်ဘုရားကြီးသည် ကား မဟာဝိသုဒ္ဓါရုံ ဆရာတော်လောင်းစသော တပည့်ပေါင်းများစွာ၏ အကျိုး စီးပွားကိုထူးထူးခြားခြား ကျင့်သောအားဖြင့် စူဠသိဿကောဝါဒ, မဟာသိဿ ကောဝါဒ ဟု ဩဝါဒကထာ ကျမ်းစာ အစောင်စောင် ရေးသား၍ပင် အပြစ်ကို မြစ်တား၍ အကျိုးကို ညွှန်ကြားတော်မူပါသည်။ [ သိဿာနံ - တပည့်တို့၏၊ အတ္ထံ-အကျိုးကို၊ ဝါ-စီးပွားကို၊ အာ(ဘုသော)-လွန်စွာ၊ စရတိ- ကျင့်တတ်၏၊ ဣတိ-ထို့ကြောင့်၊ အာစရိယော-အာစရိယမည်၏။]

### ဆရာတော်ဘုရားကြီး၏
### ဂရုအမည်နှင့် လိုက်လျောတော်မူပုံ

အတ္ထလေဏာန သိဿာနံ, မေတ္တောဒကေန သိဉ္စတိ၊
တေနဝါ သိဉ္စိတော တေဟိ, ဂရု ဂုစ္ဆတိ သော တတော။

မြန်မာမင်းများ လက်ထက်၌ ရှင်ဘုရင်များ၏ ကိုးကွယ်ရာ ဆရာတော်များကို " ရာဇဂုရု " ဟု အသိအမှတ်ပြုခဲ့ရာ၌ " ဂုရု " ဟူသော သဒ္ဒါ၏ ဟောနက်မှာ "မေတ္တောဒကေန ဂရတိ သိဉ္စတီတိ ဂုရု=မေတ္တာရေစင်ဖြင့် တပည့်တို့၏ အပေါ်၌ ဖြန်းတတ်သော ဆရာတော်ကြီး " ဟုငင်း " မေတ္တောဒကေန ဂရီယတိ သိဉ္စိ ယတီတိ ဂုရု= တပည့်တို့ကလည်း မေတ္တာရေစင်ဖြင့် သွန်းဖြန်းအပ်သော ဆရာ တော်ကြီး "ဟုငင်း ဖြစ်ပါသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ကိုယ်တော် တိုင်က ဂုရုအမည်နှင့် လိုက်လျောစွာ မေတ္တာရေစင်ဖြင့် တပည့်တို့၏ အပေါ်၌ သွန်းဖြန်းတော်မူသောကြောင့် မှီခိုအားထား မဟာဝိသုဒ္ဓါရုံဆရာတော်လောင်း စသော တပည့်များကလည်း ဆရာတော်ဘုရားကြီးအပေါ်၌ မေတ္တာရေစင်ဖြင့် အတုန့်ပြန်ကာ မခွဲနိုင် မခွါနိုင်ဘဲ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်အတိုင်း လိုက်နာ၍ သာသနာ့တာဝန် ဂိုဏ်းတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းတော် မူခဲ့ကြပါသည်။

### ဆရာတော်ဘုရားကြီး၏ ဩဝါဒမှ အချို့ကို ထုတ်ပြချက်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ ဒေသနာတော်မှ ထုတ်ဖော်၍ ထို ခေတ်အားလျော်သော ဩဝါဒများကို ပေးတော်မူလေ့ရှိပါသည်၊ မဟာဝိသုဒ္ဓါရုံဆရာတော်စသော ရွှေကျင်နိကာယ အဓိပတိမဟာနာယက ဆရာတော်အဆက်ဆက် များလည်း ခေတ်အားလျော်စွာ ဩဝါဒပေးတော် မူလေ့ရှိကြပါသည်၊ ထို ဩဝါဒကထာတို့တွင် ယခုခေတ်နှင့် သာ၍သင့်သော ဩဝါဒအချို့ကို ထုတ်ပြလိုက်ရပါလျှင် ရွှေကျင်ဂိုဏ်းဝင် ဆရာတော်အစဉ်အဆက်တို့၏ အလိုဆန္ဒတော်များ ထင်ရှားလာမည် ဖြစ်သောကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒတချို့ကို ထုတ်ပြပါဦးမည်။

### သီလကို အထူး စောင့်စည်းစေလိုတော်မူခြင်း

ပါတိမောက္ခံ ဝိသောဓေန္တော, အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန, န ဘိန္ဒေ သီလသံဝရံ။

စူဠသိဿကောဝါဒ၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ''သီလသံဝရကထာ'' ဟု ဩဝါဒတခန်း ပါရှိပါသည်၊ ထိုဩဝါဒအခန်းဝယ် ''ဝိနည်းပိဋကတ် အရပ်ရပ်၌ ပညတ်တော် မူအပ်သော သီလသိက္ခာ တော်များကို စင်ကြယ်အောင် စောင့်စည်းလိုသော ရဟန်းတော်သည် မိမိ၏ အသက်ကို စွန့်နိုင်မှ သီလစင်ကြယ်တော့မည့်ကိစ္စ ကြုံလာလျှင် အသက်ကိုပင်စွန့်လိုက်ပါ၊ ဗုဒ္ဓမြတ်စွာ ပညတ်တော်မူအပ်သော သီလသိက္ခာကို မပျက်ပါစေနှင့်''ဟူသော တရားတော်ကို ညွှန်ပြ၍ ဩဝါဒပေးတော်မူပါသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်လည်း ထိုဩဝါဒအတိုင်း ကျင့်တော်မူကာ လက်ယာနံတောင်း စောင်းတော်မူလျက် ပြန်လွှန်တော်မူခါနီး တိုင်အောင် ထို ဩဝါဒ ဂါထာတော်ကို ရွတ်တော်မူရင်း ရွတ်တော်မူရင်းပင် ရွတ်ဆိုသံကလေး တိုး၍ တိုး၍ သွားကာ ဆိတ်ငြိမ်တော်မူပါသည်။

### မအပ်သောရှာမှုကို မပြုစေလိုခြင်း

အနေသနာယ စိတ္တံပိ, အဇနေတွာ ဝိစက္ခဏော၊
အာဇီဝံ ပရိသောဓေယျ, သဒ္ဓါပဗ္ဗဇိတော ယတိ။

ရွှေကျင် ဆရာတော်ဘုရားကြီးသည် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း ၄ ပါးကို တရားသဖြင့်သာ ရှာစေတော်မူလိုပါသည်၊ ဘုရားရှင် ကိုယ်တော်မြတ်

စက်ဆုပ်တော်မူအပ်သော မတရားနည်းဖြင့် ရှာမှီးခြင်းကို စူဠသီလ မဇ္ဈိမသီလ မဟာသီလဟူသော သီလကျမ်းသုံးကျမ်းတို့တွင် ... 

**ပေးကမ်း၍ ပစ္စည်းရှာမှု**

ထိုမတရားနည်းဖြင့် ပစ္စည်းရအောင်ရှာမှုတို့တွင် လူဝတ်ကြောင်တို့အား ရဟန်းဖြစ်သူက ၄က်ပျောသီး အုန်းသီး စသော သစ်သီးကို ပေးခြင်း, ပန်းပေးခြင်း, ဆေးကုပေးခြင်း,ဗေဒင်ဟောပေးခြင်း စသော အမှုကို ပြုသောကြောင့် ထိုပေးမှုကို ကျေးဇူးတင်ကာ လူဒါယကာတို့က ဆွမ်းလှူခြင်း , သင်္ကန်းလှူခြင်း , ကျောင်းဆောက်လှူခြင်း စသော ပစ္စည်းများကို လှူတတ်ကြပါသည်၊ ထိုသို့ မိမိကိုပေးသော ရဟန်းအား ပြန်၍ပေးလှူရာ၌ သဒ္ဓါတရား အစစ်အမှန် မဟုတ်တော့ဘဲ လူတို့ထုံးစံ ကျေးဇူးခံ ကျေးဇူးစား ဖြစ်သွားသောကြောင့် လှူသူမှာလည်း ကုသိုလ်စစ်စစ် မရ, သုံးစွဲသော ရဟန်းများမှာလည်း ထိုပစ္စည်းကို သုံးစွဲတိုင်း အာပတ် သင့်ကြရသောကြောင့် ထိုသို့ ပစ္စည်းရှာနည်းကို မတရား အသက်မွေးနည်း တမျိုး ဟု ဆိုရပါသည်။ [ မိဘစသော အချို့သူတို့အား သစ်သီးစသည်ကို ပေးကောင်း,ဆေးကုပေးကောင်းပါသေး၏။]

**ဟန်လုပ်၍ ပစ္စည်းရှာမှု**

လူတို့က မိမိကို အထင်ကြီးအောင် သမာဓိ ကောင်းသော ပုဂ္ဂိုလ် , တရားထူးရသော ပုဂ္ဂိုလ် ဟု ထင်အောင် သွားမှု လာမှု စားမှု သောက်မှုတို့၌ အလွန် ယဉ်ကျေးအောင် သတိပြု၏၊ စကားပြောသော အခါလည်း သိမ်သိမ်မွေ့မွေ့နှင့် တရားထူး ရသည် ဟု ထင်ရလေ့ံအောင် ပြော၏၊ အဝတ်အစား နေရာ ကျောင်းများကိုလည်း အလွန်ဖြိုးဖြိုးစွာဝတ်စားနေထိုင်၏၊ ဤသို့ဟန်ဆောင်ကောင်းသောကြောင့် ကြည်ညိုကြ, တရားထူးရသော ပုဂ္ဂိုလ်ဟု ထင်ကြ၍ လှူအပ်သောပစ္စည်းများသည် ထိုရဟန်းနှင့်တကွ သုံးစွဲသော ရဟန်းတော်တိုင်း မသုံးကောင်းသောကြောင့် ထို ရှာနည်းကိုလည်း မတရားရှာနည်း တမျိုး ဟု ဆိုရပြန်ပါသည်။ [ အမှန် သဘောရိုးဖြင့် ဖြိုးဖြိုးဖြီဖြီ သုံးစွဲခြင်း, သိမ်သိမ်မွေ့မွေ့ ပြောဆိုခြင်း, ငြိမ်ငြိမ်သက်သက် သွားလာခြင်းတို့ကား မတရားမဟုတ်ပါ၊ သူတော်ကောင်းတို့၏ ထုံးစံပင် ဖြစ်ပါသည်။]

**အမျိုးမျိုးသော မတရားနည်း**

ကျောင်းသို့ ဒါယကာ ဒါယိကာမတို့ရောက်လာလျှင် "ဆွမ်းစားအပင့် လာကြသလား" ဟု စကားဦးသန်း၍ ပင့်ဖိတ်အောင် ပြောခြင်း, "မိမိကို မည်သည့်မင်းစိုးများက ကိုးကွယ်ကြသည်" ဟု ကြွားဝါ၍ပြောခြင်း, ဒါယကာတို့ကို "သူဌေးကြီး, အလှူရှင်ကြီး" စသည်ဖြင့်

မြှောက်ပင့်၍ခေါ်ခြင်း, မှန်သည်ကိုဖြစ်စေ မှားသည်ကိုဖြစ်စေ မစဉ်းစားဘဲ လူတို့ချစ်ခင်အောင် ပြောခြင်း, မိမိကိုယ်ကိုနှိမ့်ချ၍ "ကျုပ်, ကျွန်တော်, ခင်ဗျား" စသည်ဖြင့် ပြောဆိုခြင်း, အမှန်နည်းပါး၍ မမှန်များသော ရေခံတတ်ရာရာစကား တို့ကို လူကြည်ညိုအောင် ပြောခြင်း, လူတို့၏ သားငယ်များကို ချီပွေ့ ထမ်း ဆောင်ခြင်း, တအိမ်မှ ရအပ်သောပစ္စည်းကို အခြားတအိမ်၌ ပေး၍ ထိုအိမ်မှ ပစ္စည်းများများ ရအောင် ချူခြင်း, လူတို့၏ အခိုင်းအစေကို ခံလျက် လူတို့၏ လောကီကိစ္စကို ဆောင်ရွက်ခြင်း, ဤသို့စသော နည်းဖြင့် ပစ္စည်းရှာမှု ကိုလည်း မတရားရှာနည်း အမျိုးမျိုး ဟု ခေါ်ရပါသည်။

**လဲလှယ် ရောင်းဝယ်မှု**

ဗုဒ္ဓမြတ်စွာသည် ရဟန်း၏ပစ္စည်းကို လူ၏ ပစ္စည်းနှင့် ကိုယ်တိုင် အလဲအလှယ်ပြုခြင်း, ငွေဖြင့် ဗုက်ပျော အုန်းသီးရောင်းမှု သက်န်း ရောင်းမှု ပြုခြင်းများကို သိက္ခာပုဒ်တော်ဖြင့် တားမြစ်တော်မူခဲ့ပါ သည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး စသော ဆရာတော် အစဉ်အဆက်လည်း ဘုရားရှင်၏ အလိုတော်ကို နှစ်နှစ်ခြိုက်ခြိုက် လိုက်တော်မူကာ သပိတ် သက်န်း ရောင်းခြင်း, ကပ္ပိယမပါဘဲ ဈေးသို့သွား၍ ကိုယ်တိုင်ဝယ်ခြင်း,လဲလှယ်ခြင်းများကို အထူး တားမြစ်တော်မူခဲ့ကြပါသည်၊ ထိုသို့ အထူး တားမြစ်တော်မူကြခြင်းမှာ လည်း ထို လဲလှယ်အပ်သောပစ္စည်း, ဝယ်၍ ရအပ်သောပစ္စည်းသည် ပစ္စည်းရှင် ရဟန်းသာမက, ရဟန်းအားလုံးပင် မကိုင်ကောင်းသောကြောင့် ဖြစ်ပါသည်။

**ငွေအလှူ**

ဗုဒ္ဓမြတ်စွာသည် ရွှေငွေအတွက် ရဟန်းသာမဏေ ကိုယ်တိုင် အလှူခံမှုကို မဆိုထားဘိ, ဒါယကာတို့က လှူသောအခါသော်မှ "ငါတို့အလှူမခံ"ဟု နှုတ်ဖြင့်ပယ်ရမည်, နှုတ်ဖြင့် ပယ်ခွင့်မရလျှင်"စိတ်ထည်းက မသာယာဘဲ နေရမည်" ဟု မိန့်တော်မူ၍ ရွှေငွေကို လှူသောအခါ ကိုယ်တိုင် လက်ခံသူ,ကပ္ပိယကျောင်းသားကို ယူလိုက်ဟု ခိုင်းသူ, အနီး၌ထား၍ လှူသည်ကို စိတ်ထည်းက သာယာသူကို အာပတ်အပြစ် သင့်စေတော်မူပါသည်၊ ထို အမိန့် တော်ကို လိုက်နာ၍ ရွှေကျင်ဆရာတော် ဘုရားကြီး စသော ဆရာတော် အစဉ် အဆက်လည်း ငွေအလှူခံမှုကို လေးလေးနက်နက် တားမြစ်တော်မူကြပါသည်၊ ထိုသို့ တားမြစ်တော်မူခြင်းမှာလည်း ထို ရွှေငွေကို ကိုင်သူတိုင်း အာပတ်အပြစ် ရှိသည့်ပြင်, ထို ရွှေငွေဖြင့် ကျောင်း သက်န်း ဆွမ်းစသည်ကို ဆောက်လုပ်ဝယ်ယူ လျှင် ထို ကျောင်းစသည်၌ နေထိုင်သုံးစွဲသော ရဟန်းဟူသမျှ သုံးတိုင်းသုံးတိုင်း အာပတ်သင့်သောကြောင့်ဖြစ်ပါသည်၊ ထို့ကြောင့် လှူသောဒါယကာက ကပ္ပိယ ထံ အပ်နှံ၍ ဒါယကာကိုယ်တိုင်ဖြစ်စေ, ကပ္ပိယလုပ်သူက ဖြစ်စေ "အလိုရှိရာ အပ်သော ပစ္စည်းကို တောင်းတော်မူပါ"ဟု လျှောက်မှသာ တောင်းခံရပါသည်။

**အတိုင်းအရှည် သိမှု**

ဒါယကာ ဒါယိကာမ တို့က ပစ္စည်း ၄ ပါး လှူသည်ကိုလည်း လှူတိုင်းမခံကြဘဲ အတိုင်းအရှည် ပမာဏကို သိကြဖို့ရန် ဗုဒ္ဓမြတ်စွာသည် အခွင့်သာတိုင်း ဩဝါဒ ပေးတော်မူခဲ့ပါသည်၊ ထို ဩဝါဒတော်ကို ရှေးကျောင်းဆရာတော် ဘုရားကြီး စသော ဆရာတော် အစဉ်အဆက်လည်း နှစ်နှစ်သက်သက် ဦးထိပ်ရွက်၍ လက်ခံ ကျင့်သုံးခဲ့ကြပါသည်၊ ထိုသို့ ကျင့်သုံးခဲ့ကြသည့် အတွက်ကြောင့် အလှူဒါနနှင့် စပ်၍ အလှူခံ ပုဂ္ဂိုလ်ဘက်မှာ စိတ်စက် မြေခြင်း, အလှူရှင် တို့မှာလည်း သဒ္ဓါတရား တိုးပွားခြင်း ဟူသော အကျိုးများကို ရကြပါသည်။

**အတိုင်းအရှည် သိပုံ ၃ မျိုး**

"ပစ္စည်း ၄ ပါးကို အလိုရှိသောအခါ တောင်းတော်မူပါ" ဟု ဖိတ်မန်၍ ဒါယကာခံထားသူ, ဆွေမျိုးဉာတိ တော်စပ်သူတို့၏ အထံ၌ ဆွမ်း စသော ပစ္စည်းကို တောင်းကောင်းသော်လည်း အလှူရှင်၏အလိုဆန္ဒကိုဂုဏ်း, လှူဘွယ်ပစ္စည်း၏ အတိုင်းအရှည်ကိုဂုဏ်း, မိမိ၏ အသုံးကိုဂုဏ်း, ဤ ၃ မျိုးကို နှိုင်းချင့်၍ တော်ရုံသင့်ရုံသာ တောင်းရ အလှူခံရပါသည်။

၁။ လှူဘွယ်ဝတ္ထု များစွာ ရှိသော်လည်း ( အလှူရှင်မှာ များများ လှူဘို့ရန် တတ်နိုင်သော်လည်း ) နည်းနည်းသာ လှူလိုလျှင် အလှူရှင်၏ အလို လိုက်၍ နည်းနည်းသာအလှူခံရသည်၊ ဤသို့ အလှူခံခြင်းကြောင့် အလှူရှင်မှာ ကျေနပ်မှုရှိနိုင်ပါသည်။

၂။ အလှူရှင်သည် ပစ္စည်း ဥစ္စာ မချမ်းသာဘဲ သဒ္ဓါတရား ကောင်းလှ၏၊ ထို့ကြောင့် များများလှူလိုသောဆန္ဒသာ ရှိ၏၊ ထိုအလှူရှင်၏အထံ၌ ပစ္စည်းအင်အားကြည့်၍ နည်းနည်းသာ အလှူခံရပါသည်၊ ဤသို့ အလှူခံမှုကြောင့် အလှူရှင်၏ မိသားစုမှာ သဒ္ဓါတရား မပျက်ပြားဘဲ သဒ္ဓါတရား တိုးပွားဖို့သာ ဖြစ်ပါသည်။

၃။ အလှူရှင်မှာ ပစ္စည်းအင်အားလည်း ကောင်း၏၊ များများလှူလိုသောဆန္ဒလည်း ရှိ၏၊ သို့သော် မိမိကား ဒါယကာ လှူလိုသလောက် အသုံးမလို, နည်းနည်းသာ လို၏၊ ထိုသို့ ဖြစ်လျှင် မိမိ၏အသုံးကို နှိုင်းချိန်၍ကာ နည်းနည်းသာ အလှူခံရပါသည်၊ ဤသို့ အလှူခံသည့်အတွက် အလှူရှင်မှာလည်း သဒ္ဓါမပျက်, မိမိမှာလည်း အလိုဆန္ဒ ပြည့်ဝလျက်ရှိသောကြောင့် ၂ ဘက်လုံးပင် အကျိုးရနိုင်ပါသည်။ [ ဓောဂ်တ္တရ အဋ္ဌကထာ, ဝီရိယာရမ္ဘာဒိဝဂ်၊ သဋ္ဌာယတနသံယုတ် အဋ္ဌကထာ, အာသီဝိသဝဂ်။]

### အကျိုးမများသော စကားကို ရှောင်စေတော်မူခြင်း

ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ ဗဟုဘာဏိသ္မိံ ပုဂ္ဂလေ၊ ကတမေ ပဉ္စ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖပ္ပလာပံ ဘဏတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

အထက်ပါ ပဉ္စကအင်္ဂုတ္တိုရ် အင်္ဂုတ္တရ ဥသကဝဂ် ပါဠိတော်ကို ဦးထိပ်ရွက်တော်မူပြီးလျှင် ရှေ့ကျောင်းဆရာတော်ဘုရားကြီးသည် စကားများစွာ ပြောဆိုခြင်း၏ အပြစ်ကို ပြသော ဩဝါဒကထာကို မိန့်တော်မူခဲ့ပါသည်၊ စကားများများပြောသူသည်........

၁။ "စကားများအမှားပါ" ဆိုသည့်အတိုင်း မုသာဝါဒသိက္ခာပုဒ်ဖြင့်အာပတ်သင့်စရာ မုသားစကားကိုလည်း ပြောမိတတ်ပါသည်။

၂။ ပေသုညသိက္ခာပုဒ်ဖြင့် အာပတ်သင့်စရာ တယောက်ထံမှ စကားကို အခြားတယောက်ထံ ပြောသောအားဖြင့် ကုန်းတိုက်သော စကားကိုလည်း ပြောမိတတ်ပါသည်။

၃။ ဩမသဝါဒသိက္ခာပုဒ်ဖြင့် အာပတ်သင့်စရာ ကြမ်းတမ်းမောင်းမဲ ဆဲဆိုသော စကားကိုလည်း ပြောမိတတ်ပါသည်။

၄။ ဒုဗ္ဘာသိတ အာပတ်သင့်စရာ အနှစ်အသား တရားမဖက် အပျက်အချော် သရော်ပြောင်လှောင်သော စကားကိုလည်း ပြောမိတတ်ပါသည်။

၅။ ထိုကဲ့သို့ စကားမျိုးဖြင့် နေ့ရက် လနှစ် သကရာဇ်တွေစီး၍ သေခါနီးသော အခါ တွေတွေဝေဝေသေပြီးလျှင် အပါယ် ၄ ပါးသို့သွားရတတ်ပါသည်။

ထို့ကြောင့် ရှေ့ကျောင်းဆရာတော်ဘုရားကြီးမှ ဆင်းသက်၍ အဆက်ဆက် ဆရာတော်များသည် " ဗုဒ္ဓေ ကြီးကြီးမားမားထား, စကားနည်းနည်းပါးပါးပြော" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုတော်မူကြပြီးလျှင် အကျိုးမရှိသောစကားကို မပြောမိအောင် သတိဆောင်တော်မူကြ၍ , စကားပြောခွင့် ကြုံသောအခါ....

" စကားပြောကျယ်, အရယ်ကျယ်နှင့်, ခေါ်ကျယ်–ချေကျယ်,
အသံမ်းကျယ်, ကျယ်ငါးပါးကို ပယ်ရမည်"

ဟူသောဆောင်ပုဒ်ကိုနှလုံးသွင်းတော်မူကာ ကျယ်ကျယ်လောင်လောင် တဖေါင်ဖေါင် မရှိစေဘဲ တိုးတိုးသက်သာ အေးအေးမြမြ မိန့်တော်မူလေ့ရှိကြပါသည်။

## အရာရာ၌ သည်းခံစေတော်မူလိုခြင်း

ပဋိမေ ဘိက္ခဝေ အာဒီနဝါ အက္ခန္တိယာ၊ ကတမေပဉ္စ၊
ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ,
ဝေရဗဟုလောစ ဟောတိ, ဝဇ္ဇဗဟုလောစ, သမ္မူဠှော
ကာလံ ကရောတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ
အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

အထက်ပါ အင်္ဂုတ္တိုရ် ပါဠိတော်ကို ရှိသေလေးစား ဦးထိပ်ထားတော်မူပြီးလျှင် ရွှေကျင်ဆရာတော် ဘုရားသည် မိမိ၏ အနီးအဝေး တပည့်များအား အရာရာ၌ သည်းခံလေ့ရှိဘို့ရာ ခန္တိသံဝရ ဩဝါဒကထာကိုလည်း မိန့်မှာတော်မူပါသည်။

အရာရာ၌ သည်းခံလေ့မရှိသော ပုဂ္ဂိုလ်သည် အများသူငါ မုန်းစရာဖြစ်၏၊ တဝူးဝူး ဟောင်တတ်သော အရပ်ခွေးတို့သည် ဒုတ်ကိုင်၍ ပြေးလာသူကိုမြင်လျှင် ဝိုင်းအုံ၍ ဟောင်ချင်ကြသကဲ့သို့, နဂိုရ်က ဣဿာမစ္ဆေရအားကြီး၍နေကြသော လူ့ဗာလတို့နေရာဝယ် ခန္တီမေတ္တာ မပါထည်းထည်း ဒေါသကြီးသူကို အဘယ်မှူ၍ ရန်မပြုဘဲ ရှိပါတော့အံ့နည်း၊ ကေန်မုချ ရန်လုပ်ကြမည်သာ။

သည်းခံလေ့မရှိသော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ကလည်း သူတပါးအပေါ် မတော်မတရား ပြောမှား ဆိုမှားတို့ကြောင့် အပြစ်လည်း များပါသည်၊ တွေတွေဝေဝေ သေပြီးလျှင် အပါယ်သို့လည်း ရောက်ရတတ်ပါသည်၊ ဤသို့ ဒေါသ၏ အပြစ်များကို ဖေါ်ပြ၍ အစွယ်ကျိုးသော မြွေ ဦးချိုကျိုးသော နွား ခြေသုတ်ဖုံ အလားကဲ့သို့ ဒေါသမာန်မာနကိုပယ်ရှားဘို့ရာ ခန္တီမေတ္တာ၏ အကျိုးကိုပြသော ဩဝါဒကထာ ဒေသနာကို မိန့်မှာတော်မူပါသည်။

## နာယကဂုဏ် ပြည့်စုံစေတော်မူလိုခြင်း

ခမာ ဇာဂရိယုဋ္ဌာနံ, သံဝိဘာဂေါ ဒယိက္ခဏာ၊
နာယကဿ ဆဥဂ်ါနိ, တေဟော၀ နာယကော ဘ၀ိ။

ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော် ဘုရားကြီးသည် အသီးအသီးသော နယ်ပယ်မြို့ရွာတို့၌ ဂိုဏ်းထောက် ဂိုဏ်းအုပ် ဂိုဏ်းချုပ် ဌာနန္တရဖြင့် ဂိုဏ်း၏ ခေါင်းဆောင် နာယကများကို ခန့်ထားတော်မူပြီးလျှင် ထို အရှင်တို့အားလည်း နာယက၏ဂုဏ်နှင့် ပြည့်စုံအောင် ကြိုးစားဘို့ရာ ဂုဏ်အင်္ဂါကို ညွှန်ပြတော်မူပါသည်။

၁။ ခမာ။ ။ အသိအလိမ္မာ ဉာဏ်ပညာ ဗဟုသုတ နည်းပါးသေးသော တပည့်များ၏ မှောက်မှားသဖြင့် ဆရာသမား အလိုနှင့် မသင့်သော အရာများကို ပြုမှားမိသော်ငြားလည်း၊ ဆရာသမားတို့ ပြုစေလိုသော အရာများကို မပြုဘဲ နေသော်ငြား၊ ထို တပည့်တို့ကို သနားသောအားဖြင့် ဒေါသမထွက် စိတ်မကွက်ဘဲ သက်သက် သည်းခံနိုင်ခြင်းသည် နာယက ဆရာကြီးတို့၏ ဂုဏ်အင်္ဂါတပါး ဖြစ်ပါသည်။

၂။ ဇာဂရိယ။ ။လက်အောက်ငယ်သား တပည့်သံဃာများထက် ပရိယတ် ပတိပတ်ကို ပိုမို၍ အားထုတ်ကာ အအိပ်အနေ နည်းပါး၍ အထူး နိုးကြားခြင်းသည် နာယကဆရာကြီးများ၏ ဂုဏ်အင်္ဂါ တပါး ဖြစ်ပါ ပေသည်။

၃။ ဥဋ္ဌာန။ ။ ဆရာသမားတို့ ပြုထိုက်သော စာပေပို့ချခြင်း၊ ဩဝါဒပေးခြင်း စသော ကိစ္စတို့၌ မပျင်းမရိ ထကြွ လုံ့လ ဝီရိယရှိခြင်းသည် နာယက ဆရာကြီးများ၏ ဂုဏ်အင်္ဂါတပါး ဖြစ်ပါသည်။

၄။ သံဝိဘာဂ။ ။မိမိရအပ်သော ပစ္စည်းလာဘ်တို့ကို ဝန်တိုစုံမက် နှစ်သက် သိမ်းဆည်း၍မထားဘဲ ဝေဘန်ထိုက်သူတို့အား ခွဲခြားဝေဘန်ခြင်းသည် နာယကဆရာကြီးများ၏ ဂုဏ်အင်္ဂါတပါး ဖြစ်ပါသည်။

၅။ ဒယာ။ ။ တပည့်သံဃာတို့အား စာပေပို့ချ ဩဝါဒပေးခြင်း ဟူသော ဓမ္မာနုဂ္ဂဟ၊ ပစ္စည်းလာဘ်ဖြင့် ချီးမြှောက်ခြင်း ဟူသော ပစ္စယာနုဂ္ဂဟ၊ ဤ ၂ ဌာနဖြင့် သနားစောင့်ရှောက်ခြင်းသည် နာယကဆရာကြီးများ၏ ဂုဏ်အင်္ဂါတပါး ဖြစ်ပါသည်။

၆။ ဣက္ခဏာ။ ။ စီရင် ဆုံးဖြတ်ဘွယ်ရာ အမှုကြီးငယ် ပေါ်ပေါက်လာလျှင် တိုင်ပင်သင့်သော သီတင်းသုံးဘော် တပည့်ကြီးများနှင့် တိုင်ပင်စဉ်းစား ၍ မမှား မယွင်းရအောင် စီရင်ဆုံးဖြတ်လေ့ရှိခြင်းသည် နာယကဆရာ ကြီးများ၏ ဂုဏ်အင်္ဂါတပါး ဖြစ်ပါသည်။

ဤသို့ နာယကတို့၏ ထိပ်ခေါင်တင် မဟာနာယကာဓိပတိဖြစ်တော်မူသော ကျေးဇူးရှင် ရွှေကျင် ဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အရှင်တို့အတွက် အဖက်ဖက်က မလစ်ရအောင် ဩဝါဒကထာ အဖြာဖြာဖြင့် ရွှေကျင်ဂိုဏ်းကြီးကို သိပ်သည်း တည်ငြိမ်စေတော်မူပြီးမှ သက်တော် ခုနစ်ဆယ် မပြည့်မီ တနှစ်ဝယ် ခန္ဓာတော် အသစ်လဲ၍ တရားပွဲ ရပ်နားတော်မူပါသတည်း။

### ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး

ကြွရောက်တော်မူလာကြသော ရွှေကျင်ဂိုဏ်းဝင် အရှင်တို့........ သရက္ခန့် နှံ့သာပင်မှ ဖြာ၍ ထွက်လာသော နံ့သာအကိုင်းသည် အရင်းအစဝယ် ပင်မနှင့် အလားတူ မွှေးရနံ့သင်းကြူသကဲ့သို့ ရွှေကျင် ဆရာတော်ဘုရားတည်းဟူသော နံ့သာပင်မကြီးမှ ဖြာ၍ ထွက်ပေါ်လာသော ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် ရွှေကျင်ဆရာတော် ဘုရားကြီးအတူ သီလရနံ့ သမာဓိရနံ့ ပညာရနံ့ မွှေးကြူ၍ ရှင်လူအများ အားထားရာကြီး ဖြစ်လောက်အောင် ဂန္ထဝိပဿနာ ၂ ဖြာသော ဓုရတာဝန်ကို ဆောင်တော်မူခဲ့ပါသည်။

ယခု ကြွရောက်တော်မူလာကြသော သံဃာတော်အများပင် ရွှေကျင်ဆရာတော် ဘုရားကြီးကို မဖူးမြင်ကြရသော်လည်း ရွှေကျင် ဆရာတော်ဘုရားကြီး၏ အရင်း အစ သဒ္ဓိဝိဟာရိက ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ နည်းခံနေထိုင်ဘူးသော သဒ္ဓိဝိဟာရိက အန္တေဝါသိက တပည့်များသာ အများ အားဖြင့် ဖြစ်ကြပါလိမ့်မည်၊ တပည့်တော်များနှင့် အရှင်ဘုရားတို့၏ ကျေးဇူး တော်ရှင် ဆရာတော်ဘုရားသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ တော်အတိုင်း လိုက်နာစေသည့်အပြင် ခေတ်အားလျော်စွာ ထပ်ဖြည့်အပ်သော ဩဝါဒများကိုလည်း ပေးလေ့ရှိတော်မူပါသည်၊ ထို ဩဝါဒအများတွင်—

"ရဟန်း ကိစ္စ , နှစ်ဓုရဒ္ဓ , လုံ့လ အားသည်း , ဟိတ်ဟန် နည်း၍, ပစ္စည်း မသို , စိတ် မတို , ခင်ပျို ကြီးပွားကြောင်း.... ခင်အိုလည်း ကြီးပွားကြောင်း"....ဟူသော ဤ ဩဝါဒတပါးဖြင့်ပင် ဆရာတော် ဘုရားကြီး၏ လိုအင်ဆန္ဒတော် ထင်ပေါ်နေပါပြီ။

၁။ ရဟန်း သံဃာတော်များ၏ ကိစ္စဖြစ်သော စာပေကျမ်းဂန် သင်အံပို့ချခြင်း ဟူသော ဂန္ထဓုရကိစ္စ , ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်းဟူသော ဝိပဿနာဓုရကိစ္စ , ဤ ကိစ္စ ၂ ပါးကိုသာ စိတ်အားတက်ကြွ ဝီရိယ သန့်သန့်ဖြင့် မှန်မှန်အားထုတ်၍ ထိုကိစ္စ ၂ ပါး၏ အပြင်ဘက်ကျသော ဘုရားပွဲကျောင်းပွဲ ပျော်ပွဲရွှင်ပွဲ စားပွဲသောက်ပွဲ၌ လုံးဝမလိုက်စေလိုခြင်း။

၂။ ဒါယကာ ဒါယိကာမများနှင့် အခြားသော ရဟန်းတော်များ၏ အထင်ကြီး ခံရအောင် စာပေကျမ်းဂန် တတ်ကျွမ်းလေဟန် , ကမ္မဋ္ဌာန်းအားထုတ် သော ယောဂီပုဂ္ဂိုလ် ဖြစ်လေဟန် , ကမ္မဋ္ဌာန်းပေါက်လေဟန် , ဤသို့ စသော ဟိတ်ဟန်လုပ်မှုကို ရှောင်ရှား၍ ရိုးရိုးသားသားဖြင့် ဘုရားတရား တော်အတိုင်းသာ နေထိုင်စေလိုခြင်း။

၃။ မတရားသော ပစ္စည်းရှာမှုကို မဆိုထားဘိ, တရားသဖြင့် ရအပ်သောပစ္စည်း လာဘ်ကိုပင် ဝန်တိုမက်မော နှမြောအားကြီး၍ သိမ်းဆည်းမထားဘဲ, တပည့်တပန်း ရဟန်းသာမဏေတို့အား ထိုက်တန်သမျှ ဝေငှပေးကမ်း စေလိုခြင်း။

၄။ မြွေပွေး မြွေဟောက်အလား ကြီးမားသော ဒေါသဖြင့် အရာရာ၌ စိတ် မတို မိအောင် သတိထားလျက် ခန္တီ မေတ္တာ ကရုဏာဖြင့် အရာရာ ပြေပြစ်၍ အများ၏မေတ္တာကို ရရှိစေလိုခြင်း။

ဤသို့အားဖြင့် ဆရာတော်ဘုရား၏ ဩဝါဒတဖုံသည် ရွှေကျင်ဆရာတော် ဘုရားကြီး၏ ဩဝါဒကထာ အဖြာဖြာကို အပြည့်အစုံ ငုံမိသလောက် ဩဇာဂုဏ် ရောက်ပါပေသည်။

## ကျေးဇူးရှင် ဒိပဲရင်း ဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် သက်ရှယ်တော် ရင့်ညောင်း၍ ဂိုဏ်းသံဃာ အပေါင်းကို ခွဲခွါတော်မူသော အခါ ဆရာတော် ဘုရားကြီးနေရာဝယ် ကြွရောက်တော်မူလာသော ဒိပဲရင်းဆရာတော်ဘုရားသည် သရက္ခန် နံ့သာအကိုင်း၏ ဒုတိယအပိုင်းပမာ မွှေးရနံ့ကြိုင်လျက်သာ ရှိပါပေ သည်၊ ဤ ဆရာတော်ဘုရားကြီး၏ လက်ထက်၌ စာမေးပွဲဝင် ရဟန်းသာမဏေ များလည်း ရှေးကထက် တိုးပွားလာရာ, ထိုရဟန်းသာမဏေများကို ရည်မှတ်၍ ပေးတော်မူအပ်သော ဩဝါဒတရပ်မှာ—

"ကိုယ်မှာမတတ်, စာမှာတတ်, ဂါဟတ် ကိုက်တတ်သည်"—ဟု ဖြစ်ပါသည်။

မိန့်တော်မူလိုရင်းမှာ — စာတွေကို အရကျက်မှတ်၍ စာမေးပွဲအောင်သဖြင့် "စာတတ်"ဟု ဆိုရသော်လည်း စာ၌ပါသောအကြောင်းအရာ အကျင့်သိက္ခာကို ခန္ဓာကိုယ်မှာ တည်ရှိအောင် တပ်ထားဘို့ အရေးကြီးသည်၊ စာမှာသာတတ်၍ ခန္ဓာကိုယ်၌ မတပ်လျှင် "ငါစာတတ်သည်" ဟု အထင်ရှိကာ "တဏှာဖြင့် သာယာ၍, မာနဖြင့် တက်ကြွားလျက်, အမှားဒိဋ္ဌိ, ဟူသော ဂါဟတရား ဤ ၃ ပါးတို့၏ ကိုက်စား ဝါးမျိုခြင်းကို ခံရတတ်သည်"ဟု မိန့်တော်မူလိုပါသည်။

## ဦးသီလဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး တည်ထားတော်မူအပ်သော ရွှေကျင်ဂိုဏ်း သာသနာတော်သည် အောက်မြို့ကျေးရွာ များစွာတို့၌ ဦးသီလ

ဆရာတော်ဘုရားကြီး၏ ထောက်ကူမှုကြောင့် တောရဂိုဏ်းတမျိုး တိုးပွားကာ သာ၍ ကျယ်ပြန့်နိုင်ပါသည်၊ မော်လမြိုင် သထုံ ရန်ကုန် ပဲခူး ညောင်လေးပင် ညောင်တုံးစသော မြို့များ၌ ယခုတိုင်အောင် ထင်ရှားနေသော စာသင်တိုက်များသည် ဆရာတော်ဦးသီလ၏ တိုက်များချည်းသာ ဖြစ်ကြပါပေသည်၊ ထိုဦးသီလဆရာတော်ဘုရား၏ အမြဲ ညွှန်ပြတော်မူအပ်သော ဩဝါဒမှာ — ရွှေကျင်ဆရာတော်ဘုရားကြီးမှစ၍ အမြဲတားမြစ်အပ်သော——

" ရွှေငွေကိုင်ခံခြင်း , နေလွဲအခါ ကွမ်းစားခြင်း , ဆေးဝါး ဆေးသောက်ခြင်း, သက်န်းမရုံဘဲ မြို့တွင်းရွာတွင်းသို့သွားခြင်း, အနာရောဂါဖြစ်စရာ အကြောင်း မရှိပါဘဲ မြို့တွင်း ရွာတွင်း၌ ဘိနပ်စီးခြင်း, စသည်တို့ ဖြစ်ကြပါသည်။

ဤသို့ စသည်ဖြင့် ရွှေကျင်ဂိုဏ်းကို အစဉ်အဆက် စောင့်ရှောက်တော်မူခဲ့ကြသော ဆရာတော်ဘုရားကြီးတို့၏ဩဝါဒကထာ အဖြာဖြာကို ကျင့်ကြံလိုက်နာနိုင်သူတို့အတွက် ယနေ့အထိ ဦးထိပ်ရွက်လျက် ရှိကြပါသည်၊ ထိုသို့ လိုက်နာခြင်းကြောင့်လည်း မကြည်ညိုသေး သူတို့၏ အကြည်ညိုကို ခံရပုံ , ကြည်ညိုပြီး သူတို့၏ တိုး၍ ကြည်ညိုခြင်းကို ခံရပုံမှာ သန္ဒိဋ္ဌိကကိုယ်တိုင် တွေ့ရသော အကျိုးဖလ ဖြစ်ပါပေသတည်း။

**ဩဝဒိံသု မဟာထေရာ, ရွှေကျင်နိကာယ နာယကာ၊**
**သီရသာ သမ္ပဋိစ္ဆန္တု, သာဓူ ဓာရေန္တု သုဗ္ဗတာ။**

ရွှေကျင်နိကာယ နာယကာ – ကျေးဇူးတော်ရှင် , မြတ် ရွှေကျင်မှ , စ၍ ထိပ်ခေါင်,ရွှေကျင်ဂိုဏ်း၏ခေါင်းဆောင်ဖြစ်တော်မူကြကုန်သော၊ မဟာထေရာ-သက်တော် ဝါတော်, သိက္ခာတော်နှင့်, ဉာဏ်တော်ရင့်ပြီး, ဆရာတော်ဘုရားကြီးတို့သည်၊ ဩဝဒိံသု– ဘုရားဟောဖေါ်, တရားတော်မှ, လျော်ရာထုံးပြ၍, ဆုံးမတော် မူကြပေကုန်ပြီ၊ သုဗ္ဗတာ—ဆိုလွယ်ဆုံးမ, သောဝစဿဂုဏ်, ပြည့်စုံကြပေကုန်သော၊ သာဓု – ရွှေကျင်ဂိုဏ်း , တောဂိုဏ်း, ဝိသုဒ္ဓါရုံဂိုဏ်း၌ , ကိုင်းရှိုင်းခိုအောင်း, သူတော်ကောင်းတို့သည်၊ သီရသာ – အသက်တည်ကြောင်း, ဖွဲ့စည်းကောင်းသည့်, ဦးခေါင်းရတနာ,အမြတ်ဆုံးကိုယ်အင်္ဂါဖြင့်၊ သမ္ပဋိစ္ဆန္တု-သရဖူအလား, စိတ်ဝယ်ထား၍, လေးစားကြည်ဖြူ, ခံယူလည်း ခံယူကြပါကုန်၊ ဓာရေန္တု – သံသရာအရေး , စိတ်မှာတွေး၍ , လေးလေးနက်နက်, ဆောင်ရွက်လည်း ဆောင်ရွက်ကြပါကုန်လော့။

**သာဓု သာဓု သာဓု**

## ဩဝါဒကထာ တတိယပိုင်း

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ, ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊
တေသံ သဘာဂဓမ္မာနံ, နာမမတ္တံ နနာယတိ။

**ဗုဒ္ဓမြတ်စွာ မပွင့်ပါလျှင်**

ဗုဒ္ဓမြတ်စွာ သာသနာအရေး, ဂိုဏ်းဂဏအရေးကို ဆွေးနွေးဘို့ရာ ကြွရောက်တော်မူလာကြသော အရှင်ကောင်း အရှင်မြတ်တို့....အားလုံး သိတော်မူကြသည့် အတိုင်း ဗုဒ္ဓမြတ်စွာ ရတနာလမင်း ရတနာနေမင်း မထွန်းလင်းသောအခါ များစွာသော လူ နတ် ဗြဟ္မာတို့သည် အဝိဇ္ဇာ မှောင်အထု၏ ဖုံးကွယ်မှုကြောင့် ရုပ်နာမ်အစုကို ခွဲခြား၍သိဘို့ မဆိုထားဘိ, ဖဿ ဝေဒနာ သညာစသော အမည်မျှကိုပင် မသိနိုင်ကြပါ၊ ဗုဒ္ဓမြတ်စွာ ရတနာတော် နေ လ၏ ထွန်းလင်းတောက်ပသော တရားတော် အရောင်ကြောင့်သာ တပည့်တော်တို့ အရှင်ဘုရား တို့သည် ရုပ် နာမ် ဓမ္မ သဘာဝနှင့် လောဘ ဒေါသ မောဟ အပြစ်ကို စံနစ်တကျ သိရှိခွင့်ရ၍ ရှောင်နိုင် တိမ်းနိုင် ထိန်းသိမ်းနိုင်ရုံမက, ပါရမီပုည ကုသလကိုလည်း စွမ်းနိုင်သမျှ ပြုကြရပါသည်။ [ပရိဝါပါဠိတော်, သမုဋ္ဌာနသီသ။]

**ရှေးရှေးမထေရ်များ ဝန်ဆောင်တော်မူခြင်း**

ဤကဲ့သို့ လူနတ် အများ၏ စီးပွားချမ်းသာ မင်္ဂလာကြက်သရေကို ပေးဝေနိုင်သော သာသနာတော်ကြီးဖြစ်ကြောင်း ကောင်းကောင်းကြီး သိတော်မူကြသော မိမိတို့၏ ကျေးဇူးရှင်များနှင့် တကွ ရှေးရှေး ဆရာတော် ပုဂ္ဂိုလ်ကျော် တို့သည် သာသနာတော်ကြီး မပျက်စီးအောင် အသီးအသီး ဆောင်တော်မူခဲ့ကြသည်မှာ တပည့်တော်တို့ ကိုယ်တွေ့မျက်မြင် အထင်အရှား ဖြစ်ခဲ့ပါသည်၊ ထို ဝန်ဆောင် ဆရာတော် ပုဂ္ဂိုလ်ကျော်များ၏ သာသနဝတ္တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းခဲ့ခြင်းကြောင့်သာ ယခုအခါ၌ ဝိနည်းကျင့်စဉ်များနှင့် သုတ္တန္တဒေသနာများလည်း မကွယ်မပဘဲ တည်မြဲ တည်နေရုံမက, အဘိဓမ္မာ ပို့ချစဉ်မှာမူ ဤ မြန်မာနိုင်ငံဝယ် သာ၍ပင် အားရဘွယ် ကောင်းပါပေသည်။

**ဆရာဒကာ ရင်းနှီးစွာ ဆောင်ခဲ့ပုံ**

မြန်မာနိုင်ငံသို့ သာသနာတော် အစစ်အမှန် ရောက်ရာ အနော်ရထာ ရှင်အရဟံတို့ လက်ထက်မှ စ၍ ရဟန်းသံဃာတော်များ ဘက်က ကောင်းမွန်စွာ နေထိုင်ကြ တရားကျင့်ကြခြင်း ဟူသော ဝိပဿနာဓုရတာဝန်, စာပေသင်ကြား ပို့ချပေးခြင်း ဟူသော ဂန္ထဓုရတာဝန်ကို ကျေပွန်အောင် ဆောင်ခဲ့ကြသည်အား လျော်စွာ နိုင်ငံသူနိုင်ငံသား ဒါယကာ ဒါယိကာမများ၏ ဘက်ကလည်း ပစ္စည်း ၄ ပါးကို

ထောက်ပံ့သောအားဖြင့် တာဝန်ကျေအောင် ဆောင်ခဲ့ကြပါသည်၊ ထိုသို့ ဆရာဒကာ ရင်းနှီးစွာ ဆောင်ခဲ့ကြသောကြောင့် မြန်မာနိုင်ငံအတွက် သာသနာတော်အသက်လည်း အဆက်ရှည်ကြာ တည်ရှိ၍ ယနေ့အထိ တွေ့မြင်ကြရပါသည်။

**တာဝန်ဆောင်ပုံ အကျဉ်း**

သာသနာ့တာဝန်ကို ဆောင်ကြပုံမှာ – စာပေ တတ်ကျွမ်း၍ အထက်တန်း ဖြစ်သော ဆရာတော်ကြီး များသည် စာသင်ရဟန်းသာမဏေတို့အား ယဉ်ကျေးအောင်ဆုံးမ၍ နေ့အခါ၌ ပရိယတ်ကို ပို့ချကာ ဂန္ထဓုရတာဝန်ကို ဆောင်တော်မူကြ၍, ညဉ့်အခါ၌ကား ဘာဝနာပွားလျက် ဝိပဿနာဓုရတာဝန်ကို ဆောင်တော်မူကြပါသည်၊ အထက်တန်း စာပေများကို နိုင်သည်ဖြစ်စေ မနိုင်သည်ဖြစ်စေ ကျေးရွာဒေသ၌ သီတင်းသုံးတော်မူကြသော အရှင်မြတ်တို့သည်လည်း အနေအထိုင် သိပ်သည်း၍ မေတ္တာစသော ဘာဝနာပွားမှုလည်း နေ့စဉ်ရှိကြသောကြောင့် ကြည်ညိုဘွယ်ကို ဆောင်နိုင်ကြပါသည်၊ ကျောင်း၌ရှိကြသော ရဟန်း သာမဏေများနှင့် ကလေးသူငယ်တို့အား ယဉ်ကျေးအောင် ဆုံးမ၍ စာရေးစာဖတ် အတတ်ကိုငှင်း, "နောကေနော" စသော ၉ ကြောင်းလက်ာ ဂဏန်းသင်္ချာကိုငှင်း ( ထိုခေတ်အလိုက် အဆုံးတိုင်အောင် သင်ပြတော်မူကာ ဂန္ထဓုရတာဝန်ကိုလည်း ဆောင်တော်မူကြပါသည်။

**တိုင်းသူပြည်သား လေးစားပုံ**

ဤသို့ တာဝန် အသီးအသီး ပြီးစီးအောင်ဆောင်နိုင်ကြသောကြောင့် ရှင်ဘုရင်မှစ၍ တိုင်းသူပြည်သား လူအများတို့သည် ရဟန်း သံဃာ ဆရာတော်များ၏ တပည့်များချည်း ဖြစ်ရကား သာသနာတော်ကိုလည်း ယုံကြည်ကြ, သာသနာ့ဝန်ထမ်း ရဟန်းတော်များကိုလည်း ကြည်ညိုကြပါသည်၊ ထိုသို့ ယုံကြည်ကြသောကြောင့် ဆရာတော်သံဃာတော်များကို မကောင်းမြစ်တား ကောင်းရာညွှန်းလတ် အတတ်သင်ပေးသော ဆရာသမားဟု အားထား၍ ဆရာသမားတို့၏စကားကိုလည်း တနယ်လုံး တရွာလုံး နားထောင်ရကား ထို ခေတ်ကောင်းသောအချိန်အခါဝယ် လူကောင်းသူကောင်းပေါများ၍ ကြီးကျယ်သောရာဇဝတ်မှုများ အလွန်နည်းပါးခဲ့ပါသည်။

**တစတစ လျော့ခဲ့ရပုံ**

ထိုသို့ ဆရာ ဒကာ ရင်းနှီးစွာဆောင်မှုကြောင့် သာသနာတော်ကြီး အတွက် မြန်မာနိုင်ငံ၌ အကျိုး သက်ရောက်ခဲ့ပါသော်လည်း မြန်မာနိုင်ငံကို ဗြိတိရှတို့ အုပ်စိုးသည်မှစ၍ တစတစ သာသနာ့ အရှိန်မှိန်၍ မှိန်၍လာခဲ့ရာ လွတ်လပ်ပြီးသော ယနေ့ခေတ်အခါမှာလည်း များစွာသော မြို့ပြကျေးရွာတို့၌ ရဟန်းသံဃာတော်များကို အားကိုးလောက်စွာ ဆရာသမားဟု သဘောထားသူနည်းပါး၍ မိရိုးဖလာ ဘာသာရေးကိစ္စ၌သာ တာဝန်ဆောင်

ပုဂ္ဂိုလ်များဟု ပေါ့ပေါ့ဆဆ မှတ်ထင်သူက တစတစ များ၍ များ၍ လာကြကြောင်းကို ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ ကလေးသူငယ် ဘွေ ပျော်ကွယ်နေခြင်းက သက်သေပြလျက် ရှိပါသည်။

**အကြောင်း အကျိုး စဉ်းစားရန်**

ကျေးရွာ ကလေးများတို့ ဘုန်းတော်ကြီးများ ကျောင်းမှ ပျောက်ကွယ်၍ သွားရခြင်း၏ အကြောင်းရင်းမှာလည်း ခေတ် အားလျော်စွာ လူရာဝင်မည့်ပညာကို ဘုန်းတော်ကြီးများကျောင်းက မပေးနိုင်ခြင်းပင် ဖြစ်ပါသည်၊ ထိုပညာကို မပေးနိုင်ခြင်းမှာလည်း " ဘယ်သူ မပြု , မိမိအမှု "ဆိုသည့်အတိုင်း ရှေးရှေးကာလ ဆရာတော်ဘုရား အများအပြားတို့သည် မြန်မာနိုင်ငံကို လုယူသွားသော ဗြိတိရှတို့အပေါ်ဝယ် ရွှေစိတ်တော် မကျေကြသောကြောင့် သူတို့စီမံသမျှ ပညာရေးကို" ကျွန်သွေးသွင်းပညာ, သာသနာဖျက်"ဟု ယူဆ၍ မလေ့လာခဲ့ကြသော ကြောင့်သာ ဖြစ်ပါသည်။

**ထပ်မံစဉ်းစားဘွယ်**

ယခုအခါ ဂဏန်းသင်္ချာစသော ထိုပညာသည် ကျွန်သွေးသွင်းစရာ မဟုတ်တော့ပါ၊ ကမ္ဘာသုံး မြန်မာသုံး အများသုံး ဖြစ်၍နေပါပြီ၊ သို့ရာတွင် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ရိုးရာကိစ္စ ဟူသမျှ၌ ဘယ်ဌာနမဆို တင်ကြို၍ ပြင်ဆင်ရသော ပရိကမ်ကိစ္စ ရှိရစမြဲဖြစ်ပါသည်၊ မပြင်မဆင် အဆောတလျင်ပြုလေသမျှ၌ မှန်ကန်သော ကိစ္စဖြစ်သော်လည်း အကျိုးရနည်းတတ်၍, အမှားဖြစ်ပါမူ ရွှေဆောင်သူအားလုံးပင် အပြစ်တင်ခံရရုံ မက, နောက်လိုက် နောက်ပါ လိုက်လာသူ ဟူသမျှလည်း ကြီးစွာသော ဒုက္ခနှင့် တွေ့ရတတ်ပါသည်၊

ထို့ကြောင့် မိမိတို့သည် ဂဏန်းသင်္ချာ စသော ခေတ်သုံးပညာကို ဆရာအဖြစ်ဖြင့် ပို့ချနိုင်အောင် လေ့လာမည့်ပုဂ္ဂိုလ်တို့အား ဝိနည်းကို လေးစားဘို့ ရှေးဦးစွာ စီစဉ်ရပါလိမ့်မည်၊ ထိုသို့ ရှေးဦးစွာပြုရမည့် ပရိကမ်ကို မစီမံနိုင်ဘဲ ဂဏန်းသင်္ချာစသည်ကို အဆောတလျင် သင်ပြပေးပါလျှင်"ထိုင်နေ အကောင်းသား , ထသွားမှ ကြိုးမှန်းသိတယ်" ဟူသော စကားပုံပမာ သာသနာ မြန်မြန်ကွယ်ကြောင်း ဖြစ်ပါလိမ့်မည်။

ယခုအတိုင်း နေသွားကြလျှင်လည်း ငှက်အပေါင်းတို့၏ ခိုးကိုးရာဖြစ်ပါလျက် အမြစ်ပြတ်နေသော သစ်ပင်ကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် သစ်ပင်ကြီးလည်း ကိုးကွယ်မည့် ဒါယကာ အလောင်း ရဟန်းဖြစ်မည့် ရဟန်းအလောင်း ကျောင်းသား မရှိတော့ရကား အခြေအမြစ် ပြတ်နေပြီဖြစ်၍ အလဇ္ဇီ ဒုဿီလတို့ဖြင့် တဖြည်းဖြည်း သွေ့ခြောက်လျက် ကွယ်ပျောက်ရပါလိမ့်မည်။

**သာသနာ ကွယ်သူများ**

ဗုဒ္ဓမြတ်စွာသည် အရှင်မဟာကဿပအား သာသနာကွယ် ကြောင်းများကို မိန့်တော်မူပါသည်၊ ကဿပ .... လောက၌ ရွှေအတုပေါ်လာသောအခါ ရွှေအစစ်သည် ဝယ်ယူဝတ်ဆင်မည့်သူ နည်းပါး၍ သိမ်းထားရသဖြင့် လူမမြင်ရမှာ ကွယ်ပျောက်ရသကဲ့သို့, တရားအတု ပေါ်လာသောအခါ တရားအစစ်လည်း သိမ်းဆည်းထားရသည့်ပမာ ကွယ်ပျောက်ရသည်၊ ကဿပ....ရဟန်းယောကျာ်း, ရဟန်းမိန်းမ, ဥပါသကာ ယောကျာ်း, ဥပါသိကာ မိန်းမတို့၏ ဘုရားကို မရိုသေခြင်း, တရားကို မရိုသေခြင်း, အရိယာ သံဃာကို မရိုသေခြင်း, မိမိတို့၏ သီလသိက္ခာကို မရိုသေ မလေးစားခြင်း, သမာဓိ၌ မလေးစားခြင်း, ဤ ငါးပါးသည် သာသနာတော်ကွယ်ဘို့ရန် အကြောင်းများ ဖြစ်ကြပေသည်။ [ နိဒါန ဝဂ္ဂ, ကဿပသံယုတ်ပါဠိတော်။]

**အတွင်းကျသူများ**

ဤပါဠိတော်ကို ထောက်ထား၍ သာသနာတော်ကို အပြင်လူများ ကွယ်ပသွားအောင် မဖျက်နိုင်ကြောင်း, အတွင်းကျသော ဘိက္ခုစသူ တို့သည်သာ သာသနာတော်ကို ဖျက်နိုင်ကြောင်း သိရပါသည်၊ ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်မှ စ၍ သာသနာတော်ကို ကိတ္တိစသော ဆန့်ကျင်ဘက်တို့ အမျိုးမျိုး ဖျက်ကြသော်လည်း သာသနာတော် မပျက်ဘဲ ခိုင်မြဲစွာ တည်ခဲ့ပါသည်၊ သာသနာတော်ကို ကိုးကွယ်မည့်သူမရှိလျှင် ရှိရာအရပ်သို့ ပြောင်း၍ ရှေးသူတော်ကောင်းတို့ သာသနာမကွယ်ပအောင် စောင့်ရှောက်တော်မူခဲ့ကြပါသည်၊ ယခုအခါ တစတစနှင့် သာသနာတော် ဆုတ်ယုတ်လာရာဝယ် သာသနာကွယ်ဘို့ အကြောင်းများတွင် အဘယ်အကြောင်းများ ရှိနေပါသနည်းဟု စဉ်းစားဘို့ရာ အချိန်ရောက်နေပါပြီ အရှင်ဘုရားတို့။

**ဘာသာရေး ကိစ္စဝယ် စဉ်းစားဘွယ်**

ယခုခေတ် ဘာသာရေးဆိုင်ရာ ကိစ္စများကို စဉ်းစားသောအခါ (၁) ကုသိုလ်ရပါလျက် ဘာသာရေး မတိုးတက်သော ကိစ္စ, ( ၂ ) တိုက်ရိုက် ကုသိုလ် မရသော်လည်း ဘာသာရေး တိုးတက်သော ကိစ္စ , ( ၃ ) ကုသိုလ်လည်းရ ဘာသာရေးလည်း တိုးတက်သော ကိစ္စ, (၄) ကုသိုလ်လည်း မရ ဘာသာရေးလည်း ပျက်စီးသော ကိစ္စ, ဤသို့ ကိစ္စ ၄ မျိုး တွေ့ရပါသည်၊ ထို ၄ မျိုးသော ကိစ္စတို့တွင်....

၁။ မိမိ တပါးကောင်း တယောက်ကောင်း အတွက် ကောင်းကောင်းနေသော သူတော်ကောင်း၏ ကောင်းသော သီလ သမာဓိ ပညာသည် ထိုပုဂ္ဂိုလ်မှာ ကုသိုလ်ရပါ၏၊ သို့သော် ဘာသာ သာသနာတော်ကား တိုးတက်စရာ မရှိပါပေ၊ ဥပမာ– ယခုသံဃာတော် အားလုံးသည်ပင် တရားဟောပြမှု စာပေ

ပို့ချမှု မပြုကြတော့ဘဲ တကိုယ်ကောင်းအတွက် တရားကိုသာ အားထုတ်၍ နေကြပါမူ ဤ ပုဂ္ဂိုလ်အားလုံး ပြန်လွန်တော်မူသောအခါ သာသနာတော် လည်း ကွယ်ရစ်မည်သာ ဖြစ်ပါသကဲ့သို့တည်း။

၂။ ဆရာကြီး သမားကြီးတို့သည် မိမိကို မှီခိုနေသော တပည့်တပန်း ရဟန်း သာမဏေ ကျောင်းသား သူငယ်တို့အား တရံတခါ ခပ်ကြမ်းကြမ်း ဆုံးမ၍ စာပေကိုလည်း ပို့ချ, နေနည်း ထိုင်နည်း စားဝတ်နည်းကိုလည်း သင်ပြကြ ရ၏၊ ထိုသို့ ဒေါသစွမ်းဖြင့် ခပ်ကြမ်းကြမ်းဆုံးမမှုသည် တိုက်ရိုက်အားဖြင့် ကုသိုလ် မရပါပေ၊ သို့သော် တပည့်တပန်းတို့ ယဉ်ကျေး လိမ္မာလာသော အခါ အမျိုးဘာသာ သာသနာ တိုးပွားသဖြင့် အကျိုးများလှပေသည်၊ ဤ အရာမျိုးကို ''ဇိကုပ်၍ နတ်ပြည်တင်ခြင်း''ဟု ဥပမာပြုကြရပါသည်။

၃။ ဆရာကြီး သမားကြီးတို့သည် မိမိကို မှီခိုနေသော တပည့်တပန်း ရဟန်း သာမဏေ ကျောင်းသား သူငယ် ရပ်သူ နယ်သားတို့အား တရားဟောပြ၍ အေးအေးဆေးဆေးဆုံးမတော်မူကြကုန်၏၊ ကျေးဇူးရှင် ရွှေကျင်ဆရာတော် ဘုရားကြီးစသော ကျေးဇူးရှင်ကြီးများ ဩဝါဒပေးပုံမျိုးပင် ဖြစ်၏၊ ထိုသို့ သော ဆုံးမမှုကြောင့် အမျိုးဘာသာ သာသနာတော်ကြီးလည်း တိုးတက် ၍ လာပါသည်၊ ရှေးခေတ် ရှေးအခါဝယ် ဆရာဒကာတို့လည်း ဤနည်း အားဖြင့် သာသနာတော်ကို ဆောင်ခဲ့ကြပါသည်။

၄။ ဒါနကိစ္စ သီလကိစ္စ ကမ္မဋ္ဌာန်း ဘာဝနာကိစ္စ ပညာရေးကိစ္စ ဟု နာမည်ခံ သော်လည်း အမှန်မဟုတ်ဘဲ ဂုဏ်လာဘ်ကို မြှော်ရှုသော အတုအရောင် ဟန်ဆောင် ပကာသနတို့ကား ကုသိုလ် မရ အကုသိုလ်တွေသာ ရ၍, အမျိုးဘာသာ သာသနာ မတိုးပွားစေရုံသာ မက, ရွှေစစ်ကို ကွယ်ပျောက် စေသော ရွှေအတုကဲ့သို့ သာသနာတော်ကို ကွယ်ပျောက်စေသော ဘာသာရေး အတုတို့သာ ဖြစ်ကြလေသည်၊ ထိုဘာသာရေးအတုများကို သာသနာကွယ် ကြောင်း ၅ ပါး၌ အကျယ်စဉ်းစားစေလိုပါသည်။

**ဘုရားကိုး** ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံတော်မူပြီးသည့်နေ့၌ သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှတ်၍ အရိုးတော် ဓာတ်တော်များကိုသာ ကိုးကွယ်ကြရပါသည်၊ ထိုဓာတ်တော်များကိုလည်း ပျောက်ကွယ်၍ မသွားအောင် ခိုင်မာသော စေတီတော် အတွင်းသို့ ထည့်သွင်း ထာပနာ၍ ကိုးကွယ်ကြရပါ သည်၊ ထိုသို့ ကိုးကွယ်ရာဝယ် ကျမ်းစာတို့၌ '' အပ္ပတိဋ္ဌိတေ ဓာတုဘာဇေ စေတိယပတိဋ္ဌာပနံ=စေတီတော်မရှိသေးသောအရပ်၌ စေတီတော်ကို တည်ထား

ခြင်း''ဟု လာ၏၊ ထို့ကြောင့် အစစ်အမှန် သဘာဝကျကျဆိုလျှင် မြို့ကြီးပြကြီးများ၌ တဆူနှင့် တဆူ ခတ်ဝေးဝေး ခွဲခြား၍ ၃ ဆူ ၄ ဆူ စသည် ရှိသင့်သော်လည်း ကျေးရွာများ၌ကား တဆူလောက်သာ တည်ထား၍ အလွန်လေးလေးစားစား ပူဇော်သင့်ကြပါသည်၊ များစွာသော မြို့ပြကျေးရွာတို့၌ တတ်နိုင်သူ လူအများက ကိုယ့်ဘုရားနှင့်ကိုယ် ပူဇော်၍နေကြခြင်းမှာ ကုသိုလ်ရသော်လည်း ဘာသာရေးတိုးတက်ဘွယ်ကိစ္စ ဟု မဆိုနိုင်ပါ။

**သဍ္ဍု အဂါရဝ**

ဘာသာရေးကိစ္စအတွက် စိတ်ပျက်ဘွယ် ကောင်းသည်ကား ဘုရားပွဲကိစ္စ၌ အငြိမ့် ဇာတ် ရုပ်သေးစသော ပွဲသဘင်များကို ထည့်သွင်း၍ ဘုရား ပူဇော်ခြင်းကို ကုသိုလ်ရသည် ဟု ထင်မှားနေကြခြင်းပင် ဖြစ်ပါသည်၊ ကျမ်းစာတို့၌ ကြေးစည် ခေါင်းလောင်း ကြေးမောင်း စသည်များကို လှူဒါန်းခြင်း, အနိစ္စစသော သံဝေဂ သီချင်းတို့ကို ရွတ်ဆိုပူဇော်ခြင်း, ဘုရားဂုဏ်တော်ကို သီဆို ပူဇော်ခြင်းသာ သဒ္ဒါ၊ ဖြစ်၍ ကုသိုလ်ရသည် ဟု ဆိုပါသည်၊ ယခုပွဲသဘင်မျိုးကား ရာဂ ဒေါသ ထကြွ လှုံ့ဆော်၍ အပျက်အချော်အပျော်အပါး နစ္စဂီတဝါဒိတ္တများသာဖြစ်ရကား စင်စစ် ဘုရားကို မလေးစားရာ ရောက်ပါသည်၊ ထို့ပြင် '' ဘုရားပွဲ၌ ဆွမ်းတော်ကြီးတင် '' ဟု သမုတ်၍ ကြီးစွာသော ဝက်သားတုံး , ကြက် အကောင်လုံးကြော် စသည်တို့ဖြင့် ညှီစို့ဦးကပင် အလှပြင်ကာ ဆွမ်းတော်တင်ကြသည်မှာလည်း မိဘရှိစဉ်က ကြိုက်တတ်သော အသောက်အစားကို သေသွားသောမိဘတို့၏ သင်္ချိုင်းသို့ သွား၍ပို့ကြသည့်ပမာ လွန်စွာ ရှက်ဘွယ်ကောင်းသော ဘာသာရေးကိစ္စ ဖြစ်ပါသည်။

**သဍ္ဍုအဂါရဝ၏ သာသနာဖျက်ပုံ**

ထိုကဲ့သို့ ပြုလုပ်ကြသော ဘုရားလူကြီးတို့မှာ ဘာသာကို ဖျက်ဆီးလိုသော စေတနာမရှိပါသော်လည်း မိခင်ကို ချစ်လှသော သမီးက '' မိခင်နဖူး ကိုက်သောခြင်ကို ကျည်ပွေ့နှင့် ချသောကြောင့် မိခင်နဖူးကွဲရ '' သကဲ့သို့ , ထို ဘုရားပွဲအတွက် ဘုရားပုံး၏ အတွင်းအပြင်မှာ မသာယာ မသန့်ရှင်းတော့ဘဲ တိတ်ဆိတ်ခြင်းကို လိုလားတော်မူသော မြတ်ဘုရားနှင့် ဆန့်ကျင်ဘက်ပြုသည့်ပမာ ဆူညံ၍ နေပါတော့သည်။

ထို ဘုရားပွဲကို လက်ညှိုးထိုးကာ ယခုခေတ် ဝေဘန်တတ်သူတို့က ဘုရားပွဲလုပ်ပုံကို ဝေဘန်ကြသောအခါ ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော ခေတ်လူတချို့မှာ မှန်ကန်သော အဖြေကို မရှာနိုင်ကြဘဲ မိမိတို့သာလျှင် ဗုဒ္ဓဘာသာ၌ ဇဝေဇဝါ ဖြစ်ကြရသောကြောင့် ဗုဒ္ဓအလိုတော် မကျသော ဘုရားပွဲသည် ဗုဒ္ဓရှင်တော်ကို မလေးစားရာရော်၍ ဗုဒ္ဓသာသနာတော်ကိုလည်း ယုံကြည်သူနည်းသွားအောင် ဖျက်ဆီးရာ ရောက်ပါသည်။

**ဓမ္မအဂါရဝ** ကျမ်းစာတို့၌ “ ဓမ္မ ” ဟု လာလျှင် ဗုဒ္ဓမြတ်စွာ၏ ပါဠိတော်နှင့် အဋ္ဌကထာအဖွင့်များပင် ဖြစ်ပါသည်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ပါဠိတော် ဓမ္မများကို ဟောကြားသော အခါ တရားနာမသွားခြင်း , တရားနာ သွားသော်လည်း မှတ်မှတ်သားသား မနာယူဘဲ အိပ်ငိုက်ခြင်း, စကားပြောနေခြင်း ကို “ တရားမရှိသေခြင်း ” ဟု ဆိုပါသည်၊ ပါဠိတော်များကို ပို့ချသော ဆရာ သမားရှိပါလျက် မသင်ယူခြင်းသည်လည်း ပါဠိတော်တရားကို မလေးစားခြင်းပင် ဖြစ်ပါသည်၊ ထို့ကြောင့်“ဘုရားသားတော်”အခေါ်ခံနေကြသော ရဟန်းတော် များ၏ ဘုရား တရားတော်အစစ် အခြေအမြစ် ဖြစ်သော ပါဠိတော်များကို လေးလေးစားစား မသင်ကြဘဲ အဘိဓာန် ဆန်း အလင်္ကာ သဒ္ဒါမျှကို လေးလေး စားစား သင်ယူနေကြခြင်းသည်ပင် စဉ်းစားဘွယ် ဖြစ်နေပါတော့သည်၊ သာ၍ စက်ဆုပ်ဘွယ်ကောင်းသော ဓမ္မအဂါရဝမှာ ဗုဒ္ဓတရားတော်ကို ပျက်ချော်ချော် ဟောခြင်း, တရားဟောရင်း အလှူငွေခံခြင်းပင် ဖြစ်ပါသည်။

**စာမေးပွဲများ** ယခုအခါ ထင်ရှားသော စာမေးပွဲများ၌ အဘိဓာန် ဆန်း အလင်္ကာ သဒ္ဒါကြီး ငယ်တို့ကို အလွန် အသားပေးလျက် မေးခွန်း ထုတ်ကြပါသည်၊ အဋ္ဌကထာ၌လည်း ဘုရားဟောဖေါ် ပါဠိတော်၏ အနှစ်သာရ ကျင့်နည်း ကြံနည်းများကို မေးခွန်းမထုတ်ဘဲ သဒ္ဒါနည်း အဖြာဖြာ ကိုသာ ဦးစားပေး၍ မေးခွန်းထုတ်ကြပါသည်၊ ထိုမေးခွန်းစုသည် ဗုဒ္ဓမြတ်စွာ၏ ဓမ္မအစစ်အမှန်တွင် မပါဝင်ဘဲ အပြင်ဘက်က အသိုင်းအဝိုင်းမျှသာ ဖြစ်ကြပါ သည်၊ စာမေးပွဲအောင်သောအခါ ပဒေသာပင်—ငွေစသော လာဘ်လာဘ, ဓမ္မာ စရိယဘွဲ့တို့ကလည်း ထိုစာမေးပွဲ ဝင်ချင်အောင် သွေးဆောင်သကဲ့သို့ ဖြစ်နေကြ ပါသည်။

**အကျိုးရကို စဉ်းစားပါ** ထို စာမေးပွဲများကို အထက်တန်းရောက် ထမြောက်ဘို့ရန် သင်ယူ ကြရသော ရဟန်းတော်များတွင် အထမမြောက်ဘဲ ရောဂါစွဲသူ မနည်းပါ၊ ထမြောက်ပြန်လျှင်လည်း သာသနာ့ဝန်ကို ထမ်းနိုင် လောက်သော အင်အား မကျန်ဘဲ ဖြစ်တတ်ပါသည်၊ တချို့မှာ ထိုစာမေးပွဲ ပြီးသောအခါ အသက်ကိုပင် စွန့်ရရှာပါသည်၊ သာသနာတော်၏ဝန်ကို ထမ်းနိုင် လောက်အောင် အင်အားကျန်စေကာမူ ထိုစာမေးပွဲမှ ရရှိသော အသိဉာဏ်ဖြင့် ပိဋကကျမ်းဂန်ကို ပိုင်နိုင်စွာ ပို့ချနိုင်သူက နည်းလှပါသည်၊ အောက်ထစ်ဆုံး စဉ်းစားရလျှင် ထိုပုဂ္ဂိုလ်များသည် မိမိ၏ဇာတိချက်ကြွေ မွေးရာမြေရပ်သို့ မကပ် လိုတော့ပါ၊ မွေးရာနေရပ်သို့ ကပ်ရပြန်လျှင်လည်း ကျောင်းသားသူငယ်တို့အား မူလတန်းပညာကိုမျှ စည်းကမ်းကျအောင်သင်ပြဘို့ မလွယ်ကူပါ၊

**အဂါရဝဖြစ်ပုံ** ဗုဒ္ဓမြတ်စွာသည် ဂုဏ်ကိုင်း လာဘ်ကိုင်း အကြောင်းပြု၍ စာသင်စာချ ဓမ္မကထိက အလုပ်ကို အလွန် စက်ဆုပ်တော်မူသောကြောင့် အလဂဒ္ဒူပမသုတ်တော်၌ မြွေအဖမ်းမတတ်၍ မြွေကိုက်ခံရသူကို ဥပမာ ပြတော်မူပါသည်၊ ပဉ္စက အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်း တရားတော်၌လည်း လာဘ်ပေါများအောင် ကြံဆောင်မှုကို သာသနာ ကွယ်ကြောင်း ဟုပင် အပြစ်တင်တော်မူပါသည်၊ သို့ဖြစ်ပါသောကြောင့် ယခုကာလ သာသနာ အားပေးဟု အများတွေးရသော စာမေးပွဲများအတွက် ဓမ္မအဂါရဝဖြစ်–မဖြစ် ကိုင်း , သာသနာတော်တည်ကြောင်း ဟုတ်-မဟုတ် ကိုင်း ဆုံးဖြတ်နိုင်ဘို့ရာ လက်တွေ့ အဖြစ်အပျက် သက်သေသာဓကနှင့် ဗုဒ္ဓတရားတော် အရင်းခံကို စဉ်းစားတော်မူကြရန် အချိန်တန်နေပါပြီ.... သံဃာတော်အရှင်မြတ်တို့ ဘုရား။

**ဓမ္မအဂါရဝ၏ သာသနာ့ဖျက်ပုံ** စာသင် စာချ ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ဂုဏ်နှင့် လာဘ်ရပုံကို လက်ညှိုး ညွှန်ပြ၍ကိုင်း , အထက်တန်း စာမေးပွဲ အောင်ပြီး နောက် လူထွက်ကြသော ပုဂ္ဂိုလ်များကို ထောက်ပြ၍ကိုင်း, ဒါယကာတချို့က စာသင်စာချ တရားဟောပြမှုကိုပင် ထိုအရှင်တို့၏ အသက် မွေးဝမ်းကြောင်းတခု ဟု မြင်နေကြပါသည်၊ ခေတ်လူငယ်တို့ကမူ လာဘ်မယူဘဲ တရားဟောလေ့ရှိသော အခြားဘာသာဝင်တို့နှင့် နှိုင်းယှဉ်ကာ"သားသမီးမကောင်း မိဘခေါင်း, တပည့်မကောင်း ဆရာ့ခေါင်း''ဟူသည်နှင့်အညီ ဗုဒ္ဓရှင်တော်ကိုပင် ''သာမန် ပညာရှိတပါး''ဟု ထင်မှားနေကြပါသည်၊ ရှင်တော်ဘုရားကို အမွန် အမြတ် ထားသူတို့သော်မှလည်း ဗုဒ္ဓဘာသာ အရေးအရာဝယ် ဇဝေဇဝါဖြစ် ရှာကြရပါသည်၊ ဤသို့ ဖြစ်ရခြင်းမှာ သာသနာကွယ်ကြောင်း မကောင်းသော အတိတ်နိမိတ်ပင် ဖြစ်ပါသည်။

**သံဃာ့အဂါရဝ** ရှေ့ကျောင်းဆရာတော် စသော ရှေးဆရာတော်ဘုရားကြီးများ၏ လက်ထက်၌ တပည့်က ဆရာကို ရိုသေပုံ,ဆရာက တပည့်ကို ဂရုစိုက်ပုံ , သီတင်းသုံးဘော် အချင်းချင်း ရိုင်းပင်းလေးစားပုံကို မြင်ကြရ, ထိုသို့ လေးစားမှုကြောင့် ရှေ့ကျောင်းဂိုဏ်းကြီး ပွားစည်းတိုးတက်ခဲ့ပုံကိုလည်း တွေ့မြင်ကြ ရသော ဤ အစည်းအဝေးဝင် အရှင်မြတ်တို့သည် ယခုအခါ ဆရာနှင့်တပည့်တို့ ဆက်ဆံပုံကိုင်း သီတင်းသုံးဘော်ချင်း ဆက်ဆံပုံကိုင်း တိုးတက်ရမည့် အရာ ဝယ် ဆုတ်ယုတ်၍ လာ – မလာ ကိုင်း ရှေးခေတ်နှင့် ယခုအခါ နှိုင်းချင့်၍ ကြည့်သင့်ကြပါသည်၊ ရှေးခေတ်ကသော် သံဃာ့အစည်းအဝေးတရပ် ဖြစ်ပေါ် လျှင် လေငြိမ်ရာတွင် ထွန်းထား အပ်သော ဆီမီးတိုင်ကလေးများပမာ သံဃာ တော်ကို ရိုသေလေးစားသည့်အတွက်ကြောင့် ငြိမ်ငြိမ်သက်သက်နှင့် ကြက်သရေ

ရှိလှပါသည်၊ ထိုမျှလောက် သံဃာကိုရိုသေမှုကြောင့် စားဝတ် နေထိုင် ကိစ္စစုဍ္ဍ အပြစ် ဟု ရှုစရာ အလွန် နည်းခဲ့ပါသည်။

**ခေါင်က မိုးလုံ ပါရဲ့လား**

"ရှေ့ဆောင်နွားလား, အဖြောင့်သွားမှ,နောက်နွားတသိုက်, အဖြောင့်လိုက်၍,.... ရှေ့ဆောင်နွားလား, အကောက်သွားလျှင်, နောက်နွားတသိုက် , အကောက်လိုက်လိမ့် " ဟု ဗုဒ္ဓမြတ်စွာ ဂါထာတော်နှင့်အညီ ရှေးပညာရှိတို့ ကျူးသီတော်မူခဲ့ကြသည့် အတိုင်း ယခုအခါ များစွာသော ကျောင်း ကန် တိုက်တာတို့၌ မိမိ၏တပည့်ကိုပင် ဆုံးမချင်စိတ် နည်းပါး၍ လစ်လျူ ထားရသည်ကို ကြားသိရသည်မှာ ခေါင်က မိုး မလုံသောကြောင့်လားဟု ယုံမှားစရာ ဖြစ်နေပါသည်။

**သံဃာ့ အဂါရဝ၏ သာသနာဖျက်ပုံ**

" ဧဝံ သံဝဍ္ဎာ ဟိ တဿ ဘဂဝတော ပရိသာ၊ ယဒိဒံ အညမည ဝစနေန အညမည ဝုဋ္ဌာပနေန " ဟူသော ပါဠိမောက် အမိန့်တော်နှင့် အညီ သာသနာတော်ဝယ် ပုဂ္ဂိုလ်တပါး ထွန်းကားလာလျှင် ဆရာသမား၏ ဩဝါဒကြောင့်ပင်ဟု ကေန်မုချ ဆုံးဖြတ်ရသောကြောင့် သာသနာတော်ကြီး ပွားစည်းစေလိုလျှင် ဆရာသမားတို့၏ ဩဝါဒနှင့်တကွ အချင်းချင်း သတိပေးသည်ကို ရိုသေစွာလက်ခံဘို့ တာဝန်ရှိကြပါသည်၊ ဆရာသမား၏ အဆုံးအမကို မရိုသေခြင်း , အချင်းချင်း သတိပေးသည်ကို လက်မခံခြင်း, ဆရာ့ကိုယ်တိုင်က နာယကဂုဏ် မပြည့်စုံခြင်းတို့ကြောင့် အမြင်မတော် ဖြစ်ပေါ်၍နေလျှင် လူမျိုးစုံ ဘာသာစုံတို့အကြားဝယ် ဗုဒ္ဓဘာသာကိုးကွယ်သူများ မျက်နှာမထားတတ်အောင် ဖြစ်ကြရပါသည်၊ ထိုသို့ ဖြစ်ရလျှင် နောင်လာ နောင်သားတို့က ဗုဒ္ဓဘာသာကို ကိုးကွယ်ချင်ကြမည် မဟုတ်ပါ၊ ထို့ကြောင့် သံဃ အဂါရဝဖြစ်မှုကို သာသနာ ကွယ်ကြောင်း မကောင်းသော အင်္ဂါတပါး ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူပါသည်။

**သိက္ခာ အဂါရဝ**

စည်းကမ်း ရှိသော တိုင်းသူပြည်သား တို့သည် တိုင်းပြည်၏ ဥပဒေကို လေးစားရ၏၊ ထိုသို့ လေးစားမှလည်း တိုင်းပြည် တည်တန့်နိုင်၏၊ ထို့အတူ ဗုဒ္ဓမြတ်စွာ သာသနာတော် ၌လည်း ဗုဒ္ဓမြတ်စွာ၏ သိက္ခာပုဒ် ဥပဒေတော်ကို ပျော်ပျော်ကြီး လိုက်နာကြမှသာ သာသနာတော်ကြီး တည်တန့်နိုင်ပါသည်၊ သိက္ခာပုဒ် သီလတော်များကို မလေးစားလျှင် " ဝိနယေ အဋ္ဌိတေ သာသနံ အဋ္ဌိတံ" ဟု ပြောင်းပြန်ပြုကာ သာသနာတော် ကွယ်ရမည်မှာ အသေအချာပင် ဖြစ်ပါသည်၊ ယခုအခါ သာသနာတော်ဝယ် " သံဃာ အစစ် အမှန် ဟုတ်ပါလေရဲ့လား " ဟု ယုံမှားစရာ သိက္ခာကို မလေးစားသောပုဂ္ဂိုလ် အပေါင်းပင် အတော်များများ တွေ့မြင် ကြားသိနေရပါသည်။

**မှတ်ပုံတင် လက်မှတ်**

ဤ ရွှေကျင်ဂိုဏ်း၌ ဂိုဏ်း၏ စည်းမျဉ်းအရ မှတ်ပုံတင်လက်မှတ်ကို တချို့ပုဂ္ဂိုလ်များ ဆောင်ထားကြပါသည်၊ ထိုလက်မှတ်ကို တဂိုဏ်းလုံး ဆောင်နိုင်လျှင် သာ၍ပင် သင့်လျော် ပါသည်၊ အကယ်၍ တိုင်းပြည်အစိုးရတို့က သာသနာတော်နှင့်လျော်သော စည်းမျဉ်းမျိုးဖြင့် မှတ်ပုံတင်ဝေဌလျှင်လည်း ရဟန်းစစ် ရဟန်းတု ခွဲခြားနိုင်ဘို့အကြောင်း ကောင်းသောစံနစ်ဖြစ်ရကား ဤ ရွှေကျင်ဂိုဏ်းက လက်ခံဘို့ရန်အသင့် ရှိကြရပါမည်။

**သမာဓိ အဂါရဝ**

" စိတ်၏ တည်ကြည်မှု သမာဓိ ရဘို့ရန် ဂရုမစိုက်ခြင်းကို သာသနာကွယ်ကြောင်း တပါး " ဟု ဘုရားရှင် မိန့်တော်မူသည်မှာ လက်တွေ့ မျက်မြင်အားဖြင့် မိန့်တော်မူသည့် အတိုင်း ထင်ရှားနေပါသည်၊ သာသနာတော်၏အသက်ဖြစ်သော သီလသိက္ခာကိုမျှ မလေးစားခြင်းသည် သမာဓိမရနိုင်ခြင်း၏ အကြောင်းဖြစ်၍ သမာဓိမရှိလျှင် ဝိပဿနာပညာကို မဆိုထားဘိ, စာပေပညာကိုသော်မှ လေးလေးနက်နက်မရနိုင်ပါ၊ ယခုအခါ သွားလာဝတ်စား နေထိုင်မှုများ၌ လျှပ်ပေါ်လော်လီ မတည်ကြည်သော အမူအရာတွေက လွှမ်းမိုးနေသောကြောင့်၎င်း, "ဗုဒ္ဓါနုဿတိ မေတ္တာစ, အသုဘာမရဏဿတိ" ဟူသော ရှေး ဆရာတော်ကြီးများ၏ သုံးစွဲရိုး သမာဓိဘာဝနာကို ဂရုစိုက်သော ပုဂ္ဂိုလ်က နည်းပါးသောကြောင့်၎င်း, ဘုရားပွဲ ကျောင်းပွဲ ကထိန်ပွဲ ဘုန်းကြီးပြန်ပွဲစသော ပွဲသဘင်တွေကလည်း အချို့နေရာဝယ် ကျောင်းတိုက် အတွင်းမှာပင် ခင်းကျင်း ပြသကြသောကြောင့်၎င်း , ကာလအလိုက် ပြုပြင်ထားသော အပြင်ပအာရုံတွေကလည်း သမာဓိ နည်းသူများကို အလွယ်တကူ ဖျက်ဆီးနိုင်သောကြောင့်၎င်း,သမာဓိရမှုကို ဂရုမစိုက်သည့်အတွက် ကေန် သာသနာတော်ပျက်ရပါတော့မည်၊ ထို့ကြောင့် ယခုအခါ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့သည် သာသနာ့ဝန်ကို လက်ရှိမူအတိုင်းသာ ဆောင်နေကြပါလျှင် လှေကွဲစီး၍ ရေခရီးသွားသူပမာ လှော်ရင်းပင် နစ်ကြရပါတော့မည်။

**အရေအတွက်မှ အရည် အချင်းသို့**

ထိုသို့ လှော်ရင်း မနစ်ကြရလေအောင် အနာဂတ်ကာလ၌ သာသနာ့ဝန်ကို အမှန်ထမ်းဆောင်မည် ဟု ရည်ရွယ်ချက်ရှိသော သဒ္ဓါတရား သက်သက်ဖြင့် ရဟန်းပြုမည့် အမျိုးသား တို့ကိုသာ ရဟန်းပြုပေးသင့်ပါသည်၊ ရဟန်းပြုပြီးနောက်၌လည်း ဂန္ထဓုရတာဝန်ဆောင်မည့် ပုဂ္ဂိုလ်ကို ဂန္ထဓုရကျောင်းတိုက်၌ နေစေ၍, ဝိပဿနာဓုရတာဝန်ဆောင်မည့် ပုဂ္ဂိုလ်ကို ကမ္မဋ္ဌာန်းကျောင်းတိုက်၌ နေစေသင့်ပါသည်၊ ဤသို့ရွေးချယ်စိစစ်မှုကြောင့် အနာဂတ်ကာလ၌ သံဃာ့အရေအတွက်နည်းစေရာ ရှိသော်လည်း သာသနာ့ဝန်ထမ်း အရေအတွက်ကား များလာပါလိမ့်မည်။

**ကျောင်းတိုက် ၂ မျိုးသာ** အနာဂတ်ကာလ၌ ရွာတိုင်း မြို့တိုင်းမှာလည်း ဂန္ထဓုရကျောင်းတိုက် ဝိပဿနာဓုရ ကျောင်းတိုက်အားဖြင့် ၂ မျိုး ၂ စားသာ ရှိသင့်ပါသည်၊ ထို ၂မျိုး ၂စားတွင် ဝိပဿနာဓုရကျောင်းတိုက် မှန်လျှင် ရွာနှင့်မြို့နှင့်ဝေးကွာ၍ အရညဝါသီ တောရမှီသောပုဂ္ဂိုလ်တို့၏ တောရကျောင်းမျိုးသာ ဖြစ်သင့်ပါသည်၊ ထို တောရကျောင်းတွင် သီတင်းသုံးကြသော အရှင်တို့သည် မြို့ရွာ၏ သာမှု နာမှု ကိစ္စစုတို့၌ ဂရုမစိုက်ကြတော့ဘဲ တိတ်ဆိတ်သာယာစွာ ဘာဝနာဖြင့်သာ မွေ့လျော်တော်မူကြပါလိမ့်မည်။

**ကျေးရွာကျောင်းများ** မြို့ရွာအသီးအသီး ခိုမှီးကြသော ဂန္ထဓုရကျောင်းတိုက်များလည်း ရွာကြီးမဟုတ်လျှင် ကျောင်းအရေအတွက် မများစေဘဲ တရွာတကျောင်းမျှ တည်စေသင့်ပါသည်၊* ရွာကြီးဖြစ်လျှင်ကား ထိုရွာနှင့်လိုက်အောင် ကျောင်းအရေအတွက်လည်းများပါပေလိမ့်မည်၊ထိုကျောင်းတို့၌ သီတင်းသုံးသော ဘုန်းတော်ကြီးများလည်း ထိုရပ်ရွာ၌ ရှိကြသော ကလေးသူငယ်တို့အား(အနည်းဆုံး)အစိုးရပြဋ္ဌာန်းထားသော မူလတန်းမျှကို တာဝန်ကျေအောင် သင်ပြ၍ ဘာသာရေးကိစ္စတို့၌ ငွေကုန်ကြေးကျ မများဘဲ ပြီးစီးနိုင်သော နည်းကောင်းကိုသာ ညွှန်ပြသင့်ပါသည်၊ ထိုမှတပါး-တရွာလုံး၏ စာရိတ္တကိုလည်း ဗုဒ္ဓမြတ်စွာ ဘာသာရေးတရားဖြင့် ယဉ်ကျေးအောင် တာဝန်ယူရပါလိမ့်မည်၊ ထိုသို့ တာဝန်ယူသည့် အတွက် ရပ်ရွာ၌ အမှုအခင်း နည်းပါးခြင်း, အသောက်အစား အကစား မရှိခြင်း, လုံ့လဝီရိယ တက်ကြွခြင်း, စသည်ဖြင့် ရွာသူ ရွာသားတို့၏ တိုးတက်လာသော အရည်အချင်းကို တွေ့ရပါလိမ့်မည်။ **

---

*မှတ်ချက်။ ။ကျောင်းအရေအတွက်နည်းအောင် ပြုလုပ်ရာ၌"မူလရှိပြီး ကျောင်းအသီးသီးကို ဖျက်ဆီးပစ်ရမည် ဟု မဆိုလိုပါ၊ ထိုကျောင်း၌ သီတင်းသုံးသော ဘုန်းတော်ကြီးများကို နဂိုရ်နေမြဲအတိုင်းပင် ကိုးကွယ်၍, ထို ဘုန်းတော်ကြီး ပြန်လွန်သောအခါကျမှသာ ထိုကျောင်းကို ရပ်ရွာလူကြီးများက တာဝန်ဆောင်နေသော ကျောင်းနှင့် ပေါင်းပေးသင့်သည်" ဟု ဆိုလိုပါသည်။

**မှတ်ချက်။ ။ရွာကျောင်းဘုန်းတော်ကြီးအဖြစ်ဖြင့် သီတင်းသုံးသောပုဂ္ဂိုလ်သည် သူပေါ်ဒနဝိညတ္တိ သိက္ခာပုဒ်တော်ကို စောင့်ထိန်းသော အားဖြင့် သီလသိက္ခာကို ဂရုပြုရမည်ဖြစ်ပါသောကြောင့် ဉာတိမဟုတ် ပဝါရိတလည်း မဟုတ်သော ဒါယကာ ဒါယိကာမတို့အထံ ဆွမ်းအုပ် အပို့ခိုင်းခြင်း, ကလေးများကို စာသင်ပေးရသည့် အတွက် တစုံတရာလာဘ်ကို တောင်းခြင်း စသည်ကို ရှောင်ကြဉ်ရပါမည်၊ အစိုးရအထံ သော်မှလည်း တစုံတရာ တောင်းခြင်းကို မပြုကောင်းပါ၊ အစိုးရက ဥပဒေအရ လှူလျှင်သာ အပ်သောနည်းဖြင့် လက်ခံကောင်းပါသည်။

**အခြေခံကျောင်းတိုက်** ထိုကဲ့သို့ ကျေးရွာဘုန်းတော်ကြီး အသီးသီးကို ဝိနည်းတော်နှင့်လျော်ညီစွာ အရည်အချင်းအပြည့်ပေါ်ထွက်လာအောင် ကောင်းစွာသင်ပြနိုင်မည့် အခြေခံကျောင်းတိုက်ကြီးများလည်း မြို့ကြီးမြို့ငယ် အသွယ်သွယ်နှင့် ကြီးကျယ်သော ကျေးရွာတို့၌ ရှိထိုက်ပါသည်၊ ထိုကျောင်းကြီးများတွင် အကယ်၍ တာဝန်ယူနိုင်ပါမူ ပတိပတ္တိဌာန ပရိယတ္တိဌာနခွဲ၍ ၂ မျိုးလုံးကိုပင် သဲသဲမဲမဲ အမြဲကြိုးစားရပါလိမ့်မည်။

**ပတိပတ္တိဌာန** ပတိပတ္တိဌာနကိုအုပ်ချုပ်သော ဆရာသမားသည် သုတ္တန်အဘိဓမ္မာ၌ အထိုက်အလျောက် ကျွမ်းကျင်၍ ဝိနည်းအရာ မှာမူလွန်စွာ ကျွမ်းကျင်သော လာဘ်ဂုဏ်ကိုလည်း မမြော်မြင်သော သူတော်စင်ဖြစ်ရပါမည်၊မိမိအထံ နာခံနေထိုင်သော ဝိပဿနာဓုရဝန်ဆောင်များကိုလည်း လာဘ်ကိုငဲ့၊ဂုဏ်ကိုငဲ့ အပြစ်မြင်သောသူတော်စင်ဖြစ်အောင်ဟောပြ၍ သီလ သမာဓိ ပညာ ၃ ပါးသော သိက္ခာကို လက်တွေ့ကျန သင်ပြနိုင်ရပါမည်၊ ထိုသို့ ပတိပတ်ကို အားထုတ်၍ တပါးတည်းနေလိုသော ပုဂ္ဂိုလ်များကိုလည်း....

"ငါးဝါပြည့်ဘိ, ဒွေမာတိကာ, သုတ်လေး ဘာဏဝါရ, အမ္ဗဋ္ဌတု, ဝတ္တ စကား,တရားသုံးပုဒ်,အားထုတ်ဘို့ရာ,ဘာဝနာနှင့်,ကမ္မာကမ္မ,ခုနစ်ဝ, နိဿယ မုစ္စနကအင်္ဂါတည်း"........ဟူသော ဗဟုသုတနှင့် ပြည့်စုံမှသာ နိဿယည်းဆရာနှင့် ကင်းကွာ၍ တပါးတည်း နေခွင့်ပါသည်။

**ပရိယတ္တိဌာန** ပရိယတ္တိဌာနကို ကြောင့်ကြပြုမည့် ပုဂ္ဂိုလ်တို့မှာ ပိဋကတ် သင်ပြရာ၌ လွယ်ကူသော နည်းလမ်းကို ရှာကြံ စီစဉ်နိုင် စွမ်းသော (စွမ်းနိုင်ပါလျှင် ဘာသန္တရကိုလည်း ကျွမ်းကျင်သော)ပုဂ္ဂိုလ်များစုပေါင်းလျက်ရှိရပါမည်၊ ထို ပုဂ္ဂိုလ်အများထဲမှ အသီးအသီး တာဝန်ခွဲ၍ ကျေးရွာကျောင်းတို့၌ သီတင်းသုံးနည်း နိဿယည်းကိုငဲ့, လွယ်ကူသော ပိဋကတ်သင်နည်း နိဿယည်းကိုငဲ့ အသီးအသီးပို့ချ၍ ဘာဝနာကိုလည်း အချိန်မှန်မှန်ပွားများလျက် ကြိုးစားကြရပါလိမ့်မည်။

**နိဂုံး** ဤ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အပေါင်းတို့.... ဗုဒ္ဓမြတ်စွာ၏ ဩဝါဒဒေသနာတော် များဖြင့် ဗုဒ္ဓရှင်တော်၏ အလိုတော်ကို ပဌမဖော်ပြ၍ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီး အစရှိသော ကျေးဇူးရှင်ကြီးများ၏ ဩဝါဒကထာ အဖြာဖြာကို ဒုတိယ ဖော်ပြပြီးလျှင် သာသနာ ကွယ်ကြောင်းများနှင့် သာသနာတော် မကွယ်နိုင်မည့် အကြောင်းများကို တတိယ ဖော်ပြခဲ့ရာ, ယခုအခါ ပြည့်စုံပါပြီ။

ဤ အစီအစဉ်အတိုင်းသာ သာသနာတော်၏ တာဝန်ကို ဆောင်တော်မူကြပါလျှင် မည်သည့်ခေတ်သူ ဝေဘန်သူမျှ အပြစ်ကိုထောက်ပြ၍ ဘာသာရေးကို ရှုတ်ချနိုင်မည် မဟုတ်တော့ပါ၊ အဂ္ဂိခန္ဓောပမသုတ်၌ မိန့်တော်မူအပ်သော အပြစ်တို့မှလည်း ကင်းကွာ၍ ရည်ရွယ်အပ်သောပါရမီ စုံညီပြည့်ဝဘို့သာ ရှိပါတော့သည်၊ ဝန်ဆောင် သံဃာတော်များကိုသာ ထောက်ပံ့ရသော ဒါယကာ ဒါယိကာမ တို့မှာလည်း တာဝန်ပေါ့စွာဖြင့် လောက သံသရာအကျိုး ပွားတိုးစရာရှိပါသည်၊ ထိုသို့ဖြစ်သောအခါ ဗုဒ္ဓမြတ်စွာပွင့်တော်မူလာရခြင်း၏ အကျိုးရ "အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ" ဟူသော ပါဠိတော်နှင့် ကိုက်ညီပါလိမ့်မည်၊ ဤသို့ လောကကျိုး ဓမ္မကျိုး ၂ မျိုးလုံ ပေးနိုင်သော သာသနာတော်ကိုသာ နောင်လာမည့် သားစဉ် မြေးဆက် တို့လည်း ကိုးကွယ်လိုကြပါလိမ့်မည်။

ဤသို့ ဦးထိပ်ရွက် ယုံကြည်စွာဖြင့် သာသနာတော်၏ ဩဝါဒကို လိုက်နာမှသာ တိုင်းသူပြည်သားလူအများလည်း ချမ်းသာယာ နေနိုင်ပါလိမ့်မည်၊ ဤသို့ နေနိုင်သောအခါ "ဗုဒ္ဓဘာသာကြောင့် မြန်မာနိုင်ငံ သာယာသည်" ဟူသော သတင်းသည် ကမ္ဘာအရပ်ရပ်သို့ ရုတ်ချဉ်းပြန့်နှံ့ပါလိမ့်မည်၊ ထိုသို့ ပြန့်နှံ့သော အခါ ဤ မြန်မာနိုင်ငံသည် ကမ္ဘာ၏ အထွတ်ထုပိကာသဘွယ် တင့်တယ်လျက် ဗုဒ္ဓမြတ်စွာသာသနာတော်လည်း ရောင်ဝါနေသို့ ထွန်းပါလိမ့်သတည်း။

ဝုတ္တာနေတာနိ ဝတ္တာနိ, သာသနဿ ဟိတေသိနာ၊
သဒ္ဓါပုဗ္ဗကစိတ္တေန, သာဓု ဝတ္တန္တု သုဗ္ဗတာ။

သာသနဿ-ဗုဒ္ဓမြတ်စွာ,သာသနာတော်မြတ်၏၊ ဟိတေသိနာ-စီးပွားအစစ်, တရားအနှစ်ကို, စံနစ်ကျန, အလိုရှိလှသည်ဖြစ်၍၊ ဝုတ္တာနိ– ဆရာတော်များ, မြတ်ဘုရား၏,တရားတော်မှ,ထုတ်ဆို၍ ပြအပ်ကုန်သော၊ ဧတာနိဝတ္တာနိ-မကျင့်မကောင်း , ကျင့်မှကောင်းမည့် , ကျိုးကြောင်းညွှန်ကြား , ဤ ကျင့်ဝတ်တရားတို့ကို၊ သုဗ္ဗတာ-ဆိုလွယ်ဆုံးမ,သောဝစဿဂုဏ်, ပြည့်စုံကြပေကုန်သော၊သာဓု-ရွှေကျင်ဂိုဏ်း , တောဂိုဏ်း , ဝိသုဒ္ဓါရုံဂိုဏ်း၌ , ကိုင်းရှိုင်းခိုအောင်း , သူတော်ကောင်းတို့သည်၊ သဒ္ဓါပုဗ္ဗကစိတ္တေန- သဒ္ဓါ ရှေ့သွား , စိတ်ကောင်းထားသဖြင့်၊ ဝတ္တန္တု-ကျင့်ကြံကြိုးကုတ်, အားထုတ်နိုင်ကြပါစေသတည်း။

**သာဓု သာဓု သာဓု**

**ဩဝါဒကထာ ပြီးပြီ။**

## သြဝါဒကထာ၌ ညွှန်ပြအပ်သော ဂါထာများ၏ နိဿယအနက်

သော ဇာတော ယေန ဇာတေန, ယာတိ ဝံသော သမုန္နတိံ၊
ပရိဝတ္တိနိ သံသာရေ, မရိတော ကော ဝါ န ဇာယတေ။

ဇာတေန – ပုဥ်းကံစုစု, ဝိုင်းဝန်းမှုဖြင့်, မီးရှုသန္ဓေစင် , ဖွားမြင်၍လာသော၊ ယေနပုတ္တေန-ကျောက်ကောင်းတလုံး, ပမာသုံးဘို့,တိုင်းလုံးကျော်ကြား, အကြင်သားတော်တပါးကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ , သူသူငါမှု, မက သယ်ကြီး, တနွယ်လုံးသည်၊ သမုန္နတိံ – အောက်တန်းမှ မြှင့် , အဆင့်ဆင့်ဖြင့် , စွင့်စွင့်တက်လှမ်း, အထက်တမ်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းဘို့, ကောင်းကောင်းပုံသေ,ရောက်ရပေ၏၊ သောပုတ္တော-အမျိုးအနွယ်, အားလုံးသယ်၍ , ထက်ဝယ် ခေါ်သွား , ထို သားတော် တပါးသည်သာ၊ ဇာတော– အမျိုးသားတို့,တိုးပွားဘို့ရာ, ဖွား၍လာဟု, သံသာနှုတ်ချို, ကြိုဆိုထိုက်ပါပေ၏၊ ပရိဝတ္တိနိသံသာရေ-တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွှဲ,သံသရာထဲ၌၊ မရိတော - တဘဝဇာတ် , အဆုံးသတ်သဖြင့်, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကောဝါ-ဘယ်နတ် ဘယ်လူ, အဘယ်သူသည်မူလည်း၊ န ဇာယတေ- ရုပ်သစ် နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲကာ, မဖြစ်ဘဲ ရှိပါတော့အံ့နည်း။

× + + + × × × ×

ပါတိမောက္ခံ ဝိသောဓေန္တော, အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန, န ဘိန္ဒေ သီလသံဝရံ။

ပါတိမောက္ခံ- ဝိနည်းပိဋကတ်, အရပ်ရပ်၌, ပညတ် ထုတ်ဖော်, သိက္ခာပုဒ်သီလတော်ကို၊ ဝိသောဓေန္တော - မကြိုးမပေါက်, မညှိုးပျောက်ဘဲ, တိုးတောက်စေချင်, သုတ်သင်သူသည်၊ ဇီဝိတံ– လွန်စွာစုံမက်, ကိုယ့်အသက်ကို၊ အပ္ပေဝ ဇဟေ–မငုံ့တငုံ့, ရှုံ့တရှုံ့ဖြင့်, တွန့်ကာ လွန့်ကာ, စွန့်လိုက်ရစေကာမူ၊ လောကနာထေန – မြဟ္မာ လူနတ် , မြတ်ထက်မြတ်သည့်, နတ်နတ်ထိပ်ထား, ဘ ဘုရားသည်၊ ပညတ္တံ – အာဏာတော်မြတ် , မိန့်တော်မှတ်၍ , ပညတ် ထုတ်ဖော် , ဟောပြတော်မူအပ်သော၊ သီလသံဝရံ – ကိုယ်နှုတ် နှစ်ထွေ, ချုပ်တည်းစေဘို့, ကုဋေကိုးထောင် , ကျော်ခေါင် မြင့်ဟီး , သီလတော်ကြီးကို၊ န ဘိန္ဒေ – အမိန့်တော်ချက်, ဦးထိပ်ရွက်၍, မဖျက်မိစေ,....စောင့်စည်းသင့်ပေသတည်း။

အနေသနာယ စိတ္တံပိ , အဇနေတ္တာ ဝိစက္ခဏော၊
အာဇိဝံ ပရိသောဓေယျ, သဒ္ဓါပဗ္ဗဇိတော ယတိ။

ဝိစက္ခဏော– ဘုရား့မျက်နှာ, သာသနာနှင့်, ကိုယ့်မှာနောင်ရေး, မြော်တွေးဆင်ခြင်, ပညာရှင်လည်းဖြစ်ပေထသော၊ သဒ္ဓါပဗ္ဗဇိတော-ဘယာမဘက်, သဒ္ဓါတွက်ကြောင့်, ဥါထွက်သမှု, ရဟန်းပြုခဲ့သူလည်း ဖြစ်ပေထသော၊ ယတိ – သာသနာ့ဝန်, အားသွန်ကြိုးပမ်း , ထမ်းဘို့ရည်ရော် , ရဟန်းတော်သည်၊ အနေသနာယ-ဘုရားစက်ဆုပ်, လွန်သေးနုပ်သည့်, အယုတ်တမာ, လေးဖြာပစ္စည်း, ရှာဖွေနည်း၌၊ စိတ္တံပိ-ပြုလုပ်ဘို့ရန်, စိတ်အကြံကိုမျှလည်း၊ အဇနေတ္တာ-သာသနာ့အရှိန်, ကိုယ့်အရှိန်၌, ဂုဏ်သိရည်စ်ပေ, မဖြစ်စေဘဲ၊ အာဇိဝံ- တသက်လျှာမျှ, တဝမ်းဝဘို့, တဏှာတွက်ကလေး, အသက်မွေးကို၊ ပရိသောဓေယျ - ဝန်းကျင်ခပင်း, ပြစ်မျိုးကင်းအောင်, ရှင်းလင်း သုတ်သင်ရာ သတည်း။

× + × × + × ×

ဒိပဲရင်း ဆရာတော်ဘုရား၏
သစ္စာ ၄ ပါး အကျဉ်း

မသိလျှင်–တွယ် , သိလျှင်–ပြယ်၊
တွယ်လျှင်လည်း ဘေး , ပြယ်လျှင် အေး။

အဓိပ္ပါယ်။ ။မိမိ၏ ရုပ်နာမ်ခန္ဓာနှင့်တကွ အပြင်ပအာရုံတွေကို ဒုက္ခမှန်းမသိကြသောကြောင့် တဏှာသမုဒယဖြင့် တွယ်တာ၍ နေကြသည်၊ ဒုက္ခမှန်းသိတတ်သော မဂ္ဂသစ္စာဉာဏ် ပေါ်လာလျှင်ကား ထိုတွယ်တာမှု တဏှာသည် အလိုလိုပြယ်၍ သွားလိမ့်မည်၊ တဏှာသမုဒယဖြင့် တွယ်တာနေသမျှ ဘေး ဒုက္ခတွေ ဝိုင်းဝိုင်းလည်၍နေကာ ဒုက္ခသစ္စာ အမှန်ဖြစ်၍, တွယ်တာမှု ပြယ်မှသာ နိရောဓနိဗ္ဗာန်ကို အာရုံပြု၍ အေးအေးမြမြ နေရလိမ့်မည်။

× + × × × × + +

ဝန္ဒာရုံ ဆရာတော်ဘုရား၏
ဩဝါဒကမ္မဋ္ဌာန်း

ရှင်–သေ , ဖြစ်–ပျက် , ရ–ကုန် , ဆုံ–ကွဲ , ပူ ဆင်းရဲ ,
မလွဲဒိဋ္ဌ ကမ္မဋ္ဌာန်းဘဲ။

လောဘကြီးလျှင် ဒုက္ခကြီး၏ , လောဘ နည်းလျှင်
ဒုက္ခနည်း၏၊ လောဘ မရှိလျှင် ဒုက္ခ မရှိ။

မိုးကုတ်မြို့ - ဈေးသစ်ရပ်
ဒေါ်ဒေါ်ခင် နှင့်
ရှမ်းတောရပ် · ဒေါ်ဒေါ်သန်း တို့ကို
အမှူးပြု၍
သား သမီး ဆွေမျိုးတစု ကောင်းမှု။
အုပ်ရေ · ၃၀၀၀။

တာဝန်ခံရိုက်နှိပ်သူ - မောင်ကျော် [၀၀၃၂]
နယူးဘားမားပိဋကပုံနှိပ်တိုက် [၀၀၄၇]
အမရပူရမြို့။